မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ဧပြီဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၃၁) ၊ ၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ ၄-၁၁-၂၀၂၆၊ ဗုဒ္ဓဟူးနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပစဉ်။

ဒီဇယ်ဆီနှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ထပ်မံတိုးမြှင့်ခွင့်ပြု

နေပြည်တော် နိုဝင်ဘာ ၃

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၃ သို့ ☆

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီကင်ဆာရောဂါလူနာငါးဦးအား ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၃

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုများဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါအထူးကုဌာန၊ ခြင်ဆီအစားထိုးဌာန (Bone Marrow Transplant Center) သို့ ၂၀၂၆ ခုနှစ် စက်တင်ဘာလအတွင်းက ဆေးရုံတက်ရောက်ခဲ့သော ခြင်ဆီကင်ဆာလူနာငါးဦးအား ခြင်ဆီအစားထိုးကုသခြင်းကို အောင်မြင်စွာဆောင်ရွက်ခဲ့ရာ လူနာများ အားလုံးမှာ ကျန်းမာရေးကောင်းမွန်သဖြင့် အောက်တိုဘာ ၂၆ ရက်တွင် ဆေးရုံဆင်းခွင့် ရရှိပြီးဖြစ်သည်။

စာမျက်နှာ ၅ သို့ ○



ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာလအတွင်း ခြင်ဆီအစားထိုးကုသမှု ဆောင်ရွက်စဉ်။

ယနေ့ ဖတ်စရာအညွှန်း

တရုတ်အကာသကုပ္ပဏီ စီအေအက်စ်စပေ့စ်က ဒုံးပျံလွှတ်တင်၊ ဂြိုဟ်တု ၁၈ လုံးကို ပတ်လမ်းထဲသို့ ပို့ဆောင်

စာမျက်နှာ ၈

ပရိမီးယားလိဂ်တွင် ဂိုးအများဆုံးသွင်းယူနိုင်သည့် ဂျာမနီကစားသမားအဖြစ် ဟာပက်ဇ် မှတ်တမ်းဝင်

စာမျက်နှာ ၁၁

ပုဒ္ဓဘာသာဆိုင်ရာ ကြည်ညိုမှုတ်သားဖွယ် သုတမှတ်စု(၁၀) (ဆောင်းပါး)

စာမျက်နှာ ၁၄

KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မြန်မာ-ထိုင်းနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ထိခိုက်စေရန် ရည်ရွယ်လုပ်ဆောင်နေမှုအပေါ် သတင်းထုတ်ပြန်ချက်

နေပြည်တော် နိုဝင်ဘာ ၃

မြန်မာ့တပ်မတော်အနေဖြင့် ထိုင်းနိုင်ငံနှင့် ကာလရှည်ကြာသော မိတ်ဆွေဖက်ချစ်ကြည်ရင်းနှီးမှုရှိပြီး တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိသည်နှင့်အညီ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေး လုပ်ငန်းများကို အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို မလိုလားသော KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် နယ်စပ်ဒေသများတွင် နှစ်နိုင်ငံပြည်သူများထိခိုက်စေရန် အကြမ်းဖက်တိုက်ခိုက်ခြင်း၊ တရားမဝင်လုပ်ငန်းများ လုပ်ကိုင်ခြင်းတို့အပြင် ပြည်သူများ အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်စေရန် နည်းလမ်းမျိုးစုံဖြင့် အွန်လိုင်းမီဒီယာများတွင် ကောလာဟလသတင်းများ ပျံ့နှံ့အောင် လုပ်ဆောင်နေကြောင်း တွေ့ရှိရသည်။

စာမျက်နှာ ၄ သို့ ✻

တံတားဦးမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဆောင်းသီးနှံမျိုးစုံ ဧက၃၃၁ ကေ လျာထားစိုက်ပျိုးမည်

တံတားဦး နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်ဒေသခံပြည်သူများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် စိုက်ပျိုးရေးကို အဓိကအားထားလုပ်ကိုင်သူများဖြစ်ပြီး နွေ၊ မိုး၊ ဆောင်းရာသီအလိုက်သီးနှံများကို စိုက်ပျိုးကြသည်။ ယခုနှစ် တံတားဦးမြို့နယ်၌ ဆောင်းရာသီ သီးနှံမျိုးစုံ ဧ၃၄၃၁ ဧကကို လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တံတားဦးမြို့နယ်တွင် လျာထားစိုက်ပျိုးမည့် သီးနှံများမှာ ဂျုံဧက ၁၀၆၀၊ ဖူးစားပြောင်းဧက ၅၅၃၈၊ ဆောင်းမြေပဲဧက ၉၈၁၁၊ ဆောင်းနှမ်းဧက ၈၈၅၈၊ ဆောင်းနေကြာဧက ၁၅၂၂၉၊ ဆောင်းပဲတီစိမ်းဧက ၅၀၀၊ ဆောင်းကုလားပဲဧက ၁၂၄၉၀၊ ထောပတ်ပဲဧက ၂၀၁၄၊ ခွန်တာပြာပဲဧက ၆၀၆၀၊ ပဲယင်းဧက ၁၅၄၀၊ ပဲကြီး ၁၅၈၅ ဧက၊ အခြားပဲဧက ၃၀၀၀၊ ကြက်သွန်နီဧက ၁၉၉၅၊ ငရုတ်ခြောက်ဧက ၆၁၀၊ ဟင်းသီးဟင်းရွက်မျိုးစုံဧက ၄၅၂၀၊ ကျွဲ၊ နွားစာ ၈၉၅၁ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးအောင်ဆန်းလင်းထံမှ သိရသည်။

ဆောင်းရာသီတွင် သီးနှံမျိုးစုံထွက်တိုးရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေးနှင့်အောင်မြင်သော သီးနှံမျိုးစုံရရှိရေးတို့အတွက် သက်ဆိုင်ရာဌာနများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ပျိုးရေးလုပ်ငန်း ပိုမိုအောင်မြင်ဖြစ်ထွန်းရေး အဆင့်ဆင့်တာဝန်ခွဲဝေ ဆောင်ရွက်မည်ဖြစ်ပြီး ဒေသခံတောင်သူများနှင့် ပူးပေါင်းပြီး ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းများကို မျက်ခြည်မပြတ် စနစ်တကျ စောင့်ကြည့်ဆောင်ရွက်ကာ ရာသီဥတု ရေ၊ မြေဒေသနှင့် ကိုက်ညီသည့် အထွက်နှုန်းကောင်း မျိုးများ၊ အရည်အသွေးကောင်းမျိုးများ၊ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ နည်းပညာ၊ နည်းစနစ်ကောင်းများ ဖြန့်ဝေပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

o-o-o-o-o

o-o-o

ဆိုင်ကလုန်းမုန်တိုင်း မူရာဈ ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အားလျော့သွားမည်

နေပြည်တော် နိုဝင်ဘာ ၃

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံအင်ဒရာပရာဒေ့ရှ်ပြည်နယ် ကုန်းတွင်းပိုင်းဒေသများကို ဖြတ်ကျော်ခဲ့သော အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း မူရာဈသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဆိုင်ကလုန်းမုန်တိုင်း မူရာဈအဖြစ်သို့ အားလျော့သွားခဲ့ပြီးဖြစ်သည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း မူရာဈသည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်၊ ဗုဒ္ဓဟူးနေ့။
မြဝတီ

ကောင်းကျိုးချမ်းသာတို့ကိုပြစ်ဓနေဒိုင်မည့် (၃၈)ပြာ မင်္ဂလာတရားတော်များ လိုက်နာကျင့်သုံးရမည်

ဗုဒ္ဓဘုရားရှင်သည် လောကလူသားများ ကောင်းကျိုးချမ်းသာဖြစ်စေသည့် ကောင်းမြတ်မှန်ကန်သော မင်္ဂလာတရား(၃၈)ပါးကို ဟောကြားတော်မူခဲ့သည်။ (၃၈)ပြာ မင်္ဂလာတရားတော်တွင် ပုဇော စ ပူဇ နေယျာနံ ပူဇော်ထိုက်သူတို့ကို ပူဇော်ခြင်း။ ဂါရဝေါ စ ရိသေထိုက်သူတို့ကို ရိသေခြင်း။ နိပါတော စ မာန်မာနမရှိခြင်းဟူသည့် မင်္ဂလာတရားကို ကျင့်သုံးသောသူတို့သည် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာကောင်းကျိုးများကို တိုးပွားဖြစ်ထွန်းစေသည်။

မြန်မာနိုင်ငံသည် မြတ်စွာဘုရားရှင် ဟောကြားထားတော်မူသော မင်္ဂလာတရားတော်နှင့် အစဉ်အဆက် လိုက်နာကျင့်သုံးလာခဲ့သည့် နိုင်ငံဖြစ်သည်။ ထို့အပြင် ဗုဒ္ဓဘုရားရှင်သည် လူမှုဆက်ဆံရေးနည်းလမ်းကောင်းများကို ဟောကြားတော်မူခဲ့သည်။ ထိုတရားမှာ မင်္ဂလာတရားဖြစ်သည်။ (၃၈)ပြာ မင်္ဂလာတရားသည် လူသားအချင်းချင်းဆက်ဆံရာတွင် ပြေပြစ်စေခြင်း၏ အခြေခံကိုယ်ကျင့်တရား ဖြစ်သည်။ ထိုတရားတော်တွင် လူမိုက်ကိုရှောင်ပြီး လူလိမ္မာကို ပေါင်းရန်၊ မိမိထက်ကြီးသူကို ရိသေရန်၊ ရွယ်တူကို လေးစားရန်၊ ငယ်သူကို သနားရန်၊ ကျေးဇူးတရားကို အထူးသိတတ်ရန် လမ်းညွှန်ချက်စသည့် လူမှုဆက်ဆံရေးနည်းလမ်းကောင်းများ ပါဝင်လျက်ရှိသည်။ ထို့ကြောင့် မိမိအတွက်လည်း အကျိုးမရှိ၊ သူတစ်ပါးအတွက်လည်း နစ်နာမည့်စကားမျိုးကို မျိုသိပ်ထားကာ ဆိတ်ဆိတ်နေခြင်းသည်လည်း မင်္ဂလာတစ်ပါးဖြစ်သည်။ လူမှုပတ်ဝန်းကျင်တွင် ကိုယ်နှုတ်ဆက်ဆံရေးသည် အရေးပါသောနေရာ၌ တည်ရှိနေရံသာမက ယဉ်ကျေးမှုသည်လည်း တစ်ထောင့်တစ်နေရာမှ အရေးပါလှပေသည်။ ကိုယ်နှုတ်ဆက်ဆံရေးတွင် အရေးပါသော အပြောအဆိုသည် လူတစ်ယောက်ကို ထိန်းချုပ်နိုင်စွမ်းရှိသည်။ လူသားတိုင်း တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံကာ တစ်ဦးကိုတစ်ဦး အမှီပြု၍ နေထိုင်ကြရသည်။ ထိုသို့ လူသားအချင်းချင်း ပေါင်းသင်းဆက်ဆံရာတွင် အပြောအဆို၊ အပြုအမူ၊ အဆက်အဆံတို့သည် အဓိကကျလှပေသည်။ တစ်ဦးကိုတစ်ဦးနားလည်၍ ပြေလည်စွာ ဆက်ဆံမှသာ လူ့ဘောင်လောကကြီးလည်း ငြိမ်းချမ်းသာယာနိုင်မည်ဖြစ်သည်။

မြန်မာလူမျိုးတို့သည် လူမှုဆက်ဆံရေးကို ယဉ်ကျေးမှုဓလေ့ထုံးစံနှင့်အညီ အထူးအလေးထားသူများဖြစ်ကြသည်။ ခေတ်အဆက်ဆက်တွင်လည်း စာဆိုတို့က မြန်မာတို့၏ လူမှုပေါင်းသင်းဆက်ဆံရေးကို ညွှန်ပြသော အဖိုးမဖြတ်နိုင်သည့် စာပေအရေးအသားများ၊ ကျမ်းကြီးကျမ်းငယ်များကို ရေးသားပြုစုခြင်းဖြင့် လမ်းညွှန်ခဲ့ကြောင်း ကိုတွေ့ရသည်။ လူမှုပေါင်းသင်းဆက်ဆံရေးတွင် ကိုယ်အမှုအရာ ယဉ်ကျေးခြင်း၊ နှုတ်အမှုအရာယဉ်ကျေးခြင်း ရှိရန်လိုအပ်မည်ဖြစ်သည်။ "နှုတ်ချိုသျှိတစ်ပါး"၊ "နှုတ်ကောင်းလျှင်ပြည်ဦး"ဟူသော စကားပုံများသည် လူမှုဆက်ဆံရေးဆောင်ပုဒ်များပင်ဖြစ်သည်။

ယနေ့ခေတ်ကာလတွင် မင်္ဂလာတရားတော်ကို ကလေးဘဝမှာပင် သင်ကြားပေးသင့်သည်။ ထိုကဲ့သို့သင်ကြားပေးခြင်းက ၎င်းတို့၏ အနာဂတ်ဘဝတစ်လျှောက်လုံးတွင် လူမှုဆက်ဆံရေး၊ ဘဝအောင်မြင်ရေး၊ ကိုယ်ကျင့်တရားကောင်းမွန်ရေးတို့အတွက်ဖြစ်သည်။ အကျိုးရလဒ်အားဖြင့် ကြီးပွားချမ်းသာကြောင်းနှင့် မကောင်းမှုဟူသမျှတို့ကို ပယ်ဖျောက်နိုင်ကြောင်းဟူ၍ ဖြစ်သည်။ ထို့ကြောင့်ပင် ရှေးခေတ်ပညာရေးစနစ်တွင် မင်္ဂလာသုတ်ကို ကျောင်းသား၊ ကျောင်းသူတို့ ရိသေလေးစားစွာ သင်ယူခဲ့ရခြင်းဖြစ်သည်။ စင်စစ်မင်္ဂလာသုတ်သည် ရွတ်ဖတ်တတ်ရုံ၊ အဓိပ္ပာယ်သိရုံမျှမဟုတ်ဘဲ ကိုယ်တိုင် လိုက်နာကျင့်သုံးခြင်းဖြင့် ကောင်းကျိုးချမ်းသာရရှိနိုင်သည့် တရားပင်ဖြစ်သည်။ ထို့ကြောင့် (၃၈)ပြာ မင်္ဂလာတရားတော်တို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ကောင်းကျိုးချမ်းသာတို့ကိုဖြစ်စေနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ လောကလူသားများ ကောင်းကျိုးချမ်းသာတို့ကိုဖြစ်စေနိုင်မည့် (၃၈)ဖြာ မင်္ဂလာတရားတော်များနှင့်အညီ လိုက်နာကျင့်ကြံပွားများအားထုတ်နိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

ဆောင်းမြေပဲ ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ကျွန်းလှ နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ဆောင်းမြေပဲ ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက သစ်ရာဖြိုင်ရပ်ကွက်၊ ကွင်းအမှတ် ၄၉၂ တောင်သူ ဦးခင်မောင်ညွန့်၏ ယာမြေ ငါးဧကတွင် ကျင်းပခဲ့သည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ကျောက်မှန့်မြေဩဇာ(ဂျစ်ဆင်) ထည့်သွင်းအသုံးပြုခြင်းဖြင့် မြေဆီလွှာဖွဲ့စည်းတည်ဆောက်မှု တိုးတက်ကောင်းမွန်ပြီး ချဉ်ငံကိန်း သမမျှတခြင်း၊ အနည်းလိုအာဟာရဓာတ်များစုပ်ယူရာတွင် လိုအပ်သည်ထက်ပိုပြီး စုပ်ယူမှုမရှိအောင် ထိန်းသိမ်းပေးခြင်းနှင့် အဆိပ်အတောက် မဖြစ်အောင် ထိန်းညှိပေးခြင်း၊ မြေပဲအတောင့်ကြီးထွားပြီး အစေ့အဆန် ပိုမိုပြည့်ဝခြင်း၊ အထွက်နှုန်းကောင်းမွန်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တောင်သူများအား ကျောက်မှန့်မြေဩဇာများ ပေးအပ်၍ လက်တွေ့စိုက်ပျိုးပြသခဲ့ကြသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ကျွန်းလှမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၄၀၅)

o–o–o–o–o

o–o–o–o

အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

ဖြင့်ဦးလွင် နိုဝင်ဘာ ၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်း က သင်္ကတဘုံကျေးရွာနှင့် မျှော်တောကျေးရွာတို့တွင် ကျင်းပခဲ့သည်။

ရှေ့ဦးစွာ ပြင်ဦးလွင်မြို့ နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်က အယ်လ်နီညိုရာသီဥတုကြောင့် မိုးရွာသွန်းမှုများ မူမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး၊ ရေကို ကြိုတင်စုဆောင်းထားရှိရန်၊ ရေကိုလေလွင့်မှု မရှိအောင်စနစ်တကျ သုံးစွဲကြရန်နှင့် အယ်လ်နီညိုအပူဒဏ်ကြိုတင်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရန် အချက်များ၊ ရှောင်ကြဉ်ရန် အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထိုနောက် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော် ထံမှ သိရသည်။

အောင်ရဲကျော်

ကျောက်ဆည်မြို့နယ်၌ သတ်မှတ်ရည်ညွှန်းချေးပြင့် စားအုန်းဆီအရောင်းဆိုင်များမှ စားအုန်းဆီ ပိဿာ ၂၅၃၀ ရောင်းချပေး

ကျောက်ဆည် နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၌ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်အသင်းဝင် စားသုံးဆီအရောင်းဆိုင်များမှ ယမန်နေ့က သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရပ်ကွက်သုံးရပ်ကွက်နှင့် ကျေးရွာလေးရွာမှ ပြည်သူများအား စားအုန်းဆီ ပိဿာ ၂၅၃၀ ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချရာ၌ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်အသင်းဝင် စားသုံးဆီအရောင်းဆိုင်များဖြစ်သည့် ဒေါ်ကေဇာခိုင် (ဗိုလ်တစ်ထောင်)၊ ဒေါ်အိအိမိုး (နေလသုခ-၂)၊ ဒေါ်သက်သက်မွန် (အနန္တဂုဏ်)၊ ဒေါ်သဇင်အောင် (နေလသုခ)၊ ဦးတင်လင်းအောင် (အမေထွား) ဆီအရောင်းဆိုင်များမှ ရည်ညွှန်းဈေး တစ်ပိဿာ ငွေကျပ် ၈၈၃၀ ဖြင့် ဆူးလေကုန်း၊ တုံလုံ၊ ကျောက်ပျာ၊ ကောင်းတင် ကျေးရွာလေးရွာနှင့် မင်းရပ်၊ ဖောင်ရွာ၊ ဆူးကုန်းရပ်ကွက်များရှိ ပြည်သူများအား စားအုန်းဆီ ပိဿာ ၂၅၃၀ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထက်ထက်(ကျောက်ဆည်)

o–o–o–o–o

သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper @gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ပြင်ဦးလွင်မြို့နယ်၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ဖြင့်ဦးလွင် နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု(ဌေလုံးဌေရင်း) ရန်ပုံငွေဖြင့် Myanmar Nature Tact Company မှ တင်ဒါအောင်မြင်



လက်ခံဆောင်ရွက်လျက်ရှိသော ဆင်လမ်း-ဆင်ဖြူအင်း-အုတ်ဖိုလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း (၀/၂)မိုင် ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ မြို့နယ်ဦးစီးမှူးနှင့် ကုမ္ပဏီမှတာဝန်ရှိသူများက အဆိုပါလမ်း ကတ္တရာလောင်းခြင်းလုပ်ငန်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) က လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ အဆိုပါ လမ်းပိုင်းဆောင်ရွက်ပြီးပါက အကျိုးပြုကျေးရွာသုံးရွာ၊ အိမ်ခြေ ၁၄၇၄ ဦး၏ ပညာရေး၊ ကျန်းမာရေးနှင့် ကျေးလက်ထုတ်ကုန်များ ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင် များစွာအကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

သွေးသွေး(ခရိုင်/ပြန်ဆက်)

o–o–o–o–o

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၀၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/ဓန.စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၀၄၇၃၉၈၊ ၀၂-၂၀၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း-၇၅၁၁၇၀၁၁၉ ၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား။

☆ ရွှေဖုံးမှ

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဌေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၅ ဦး တက်ရောက်သဖြင့် ၉၇ ဒသမ ၃၂ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ဦးစွာ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအား စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အမည်ပြောင်းလဲသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ် (၁၁) ဦးစိုးကြည်က စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် နိုင်ငံစီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်းသုံးစွဲနေရမှု လျော့နည်းစေပြီး ပြည်တွင်းစီးပွားရေးလည်ပတ်မှုကို အားကောင်းစေမည်ဖြစ်သဖြင့် ဝန်ကြီးဌာနအမည်တွင် MSME ကဏ္ဍကို ပိုမိုထင်ရှားစွာ ထည့်သွင်းသတ်မှတ်ခြင်းကို အပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးသည်။

သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံက နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် သယံဇာတပေါကြွယ်ဝရုံဖြင့် မပြည့်စုံနိုင်ဘဲ အရင်းအမြစ်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်သည့် စက်မှုနှင့် နည်းပညာစွမ်းအားပေါ် မူတည်နေကြောင်း၊ ထို့ကြောင့် ပြည်တွင်းကုန်ကြမ်းများကို ကုန်ချော အဖြစ် ထုတ်လုပ်နိုင်ရေး၊ စက်မှုလက်မှုလုပ်ငန်းများ တိုးချဲ့ရေးနှင့် ထုတ်လုပ်မှုစွမ်းအား မြှင့်တင်ရေးတို့သည် နိုင်ငံတော်စီးပွားရေးကို ခိုင်မာစေသည့် အရေးပါသောလုပ်ငန်းစဉ်များဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာပါက အလုပ်အကိုင်၊ မိသားစုဝင်ငွေနှင့် ပြည်သူတို့၏ လူမှုစီးပွား အဆင့်အတန်းများ မြင့်မားလာမည်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို အပြည့်အဝထောက်ခံပြီး နိုင်ငံတော်သမ္မတပေးပို့လာသည့်အတိုင်း ဝန်ကြီးဌာနအမည်ပြောင်းလဲသတ်မှတ်နိုင်ရေး ထောက်ခံဆွေးနွေးသည်။

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်အေးအေးမြင့်က အဖွဲ့အစည်းတစ်ခုဆို အမည်သည် အုပ်ချုပ်ရေးဆိုင်ရာ သတ်မှတ်ချက်သာမက ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများအကြား အပြန်အလှန်ဆက်သွယ်ရေးအတွက်ပါ အလွန်အရေးပါကြောင်း၊ ထို့ကြောင့် ယခုအမည်ပြောင်းလဲသတ်မှတ်ခြင်းသည် မြန်မာသဒ္ဒါအထားအသို့နှင့် နိုင်ငံတကာဝေါဟာရအသုံးအနှုန်းတို့အရ ပိုမိုတိကျရှင်းလင်းစေရန် ရည်ရွယ်သည့် လိုအပ်သော ပြင်ဆင်မှုတစ်ရပ်ဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသင့်ကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ **တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ် (၁၀) ဦးသန်းအေး (ခ) ဦးတင်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ် (၉) ဦးရန်နိုင်ဦးတို့က** ဆက်လက်ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ယနေ့ ပြည်ထောင်စု လွှတ်တော်သို့ ရှင်းလင်းတင်ပြလိုသည့်ကိစ္စမှာ လက်ရှိ "စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန"ဟူသော အမည်အား "စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန"ဟု ပြင်ဆင်သတ်မှတ်နိုင်ရေးကိစ္စ ဖြစ်ပါကြောင်း။

လက်ရှိ ဝန်ကြီးဌာနအမည်မှာ "စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန" ဖြစ်ပြီး ပြင်ဆင်အဆိုပြုထားသည့် အမည်မှာ "စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန" ဖြစ်ပါကြောင်း၊ လက်ရှိအမည်တွင် "အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ"ဟု ဖော်ပြထားသည့်အတွက် စီးပွားရေးလုပ်ငန်းများကို သီးခြားစတုတ္ထအမျိုးအစားတစ်ခုအဖြစ် အဓိပ္ပာယ်ကောက်ယူနိုင်သည့် အခြေအနေရှိပါကြောင်း၊ ပြင်ဆင်အဆိုပြုအမည်တွင် "အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ"ဟု ဖော်ပြခြင်းဖြင့် စီးပွားရေးလုပ်ငန်းများကို အရွယ်အစားအလိုက် ခွဲခြားသတ်မှတ်ထားသည့် အမျိုးအစားသုံးရပ်အဖြစ် ရှင်းလင်းစွာ ဖော်ပြနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ လက်ရှိ "စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန"ဟူသော အမည်အား "စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန"ဟု ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၂၀၂ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိနိုင်ပါရန် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူရာ သဘောမတူသူမရှိသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **ဒီဇယ်ဆီ HSD(500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည်(LNG) အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို (နိုဝင်ဘာလ)၁ လ ထပ်မံတိုးမြှင့် ခွင့်ပြုနိုင်ရေးကိစ္စ** နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖြစ်ပွားခဲ့သည့် အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများ ငြိမ်သက်ခြင်းမရှိသေးဘဲ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည့်အတွက် အခြားဒေသတွင်း နိုင်ငံများနည်းတူ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံဝေးသောကိုကုန်နှင့် ကုန်စည်ဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေး၊ လျှပ်စစ်ဓာတ်အားပေး စက်ရုံများအတွက် ဓာတ်အားထုတ်လုပ်မှု စရိတ်လျော့ကျစေရေးနှင့် အများပြည်သူအတွက် ဓာတ်အားခ မြင့်တက်မှုမရှိစေရေး ထိန်းညှိဆောင်ရွက်ပေးရန် လိုအပ်နေဆဲဖြစ်ပါကြောင်း။

စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှု ကဏ္ဍများတွင် အဓိကအများဆုံးအသုံးပြုရသည့် ဒီဇယ်ဆီ HSD (500ppm)အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှုန်းနှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍လည်းကောင်း၊ သဘာဝဓာတ်ငွေ့ရည်(LNG)အပေါ် ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ၂၀၂၆ ခုနှစ် မေ ၁ ရက်မှစတင်၍လည်းကောင်း ကင်းလွတ်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အရှေ့အလယ်ပိုင်းဒေသပဋိပက္ခအခြေအနေ၊ ကမ္ဘာလောင်စာဆီဈေးနှုန်း အတက်အကျအခြေအနေ၊ ပြည်တွင်းဒီဇယ်ဆီနှင့် သဘာဝဓာတ်ငွေ့ရည်ဈေးနှုန်း အခြေအနေ၊ အခြေခံစားသောက်ကုန် ကုန်စည်ဈေးနှုန်းများအခြေအနေ၊ နိုင်ငံတော်၏ ဘဏ္ဍာငွေလိုအပ်ချက်နှင့် အခွန်အကောက်ရရှိငွေများ အခြေအနေတို့ကို လစဉ်သုံးသပ်ဆောင်ရွက်လျက်ရှိရာ ဒီဇယ်ဆီအပေါ် အထူးကုန်စည်ခွန်နှုန်း ကုန်သွယ်လုပ်ငန်းခွန်၊ သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန်တို့ကို နိုဝင်ဘာလအတွက် (၁)လ ထပ်မံတိုးမြှင့်ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှုန်း ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်(LNG) အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁ ရက်နေ့မှ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၃၀ ရက်နေ့အထိ (၁)လ ထပ်မံတိုးမြှင့်၍ ကင်းလွတ်ခွင့်ပြုပေးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူ ပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ **ဒီဇယ်ဆီ HSD(500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည်(LNG) အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို (အောက်တိုဘာလနှင့် နိုဝင်ဘာလ) ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေးကိစ္စနှင့်**စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မကွေးတိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ် (၁၂) ဒေါ်ခင်ဆွေက အခွန်ကင်းလွတ်ခွင့်ပေးခြင်းသည် နိုင်ငံတော်၏ ဘဏ္ဍာငွေအချို့ကို စွန့်လွှတ်ပေးခြင်းဖြစ်ရာ အဆိုပါအကျိုးကျေးဇူးများ ပြည်သူများထံ အမှန်တကယ် ရောက်/မရောက် စိစစ်သုံးသပ်ရန် သက်ဆိုင်ရာဌာနများတွင် တာဝန်ရှိကြောင်း၊ စက်သုံးဆီရရှိမှုနှင့် ဖြန့်ဖြူးမှုအခက်အခဲများ၊ လုပ်ငန်းရပ်ဆိုင်းရမှုနှင့် တရားမဝင် ရောင်းချမှုတိုင်ကြားချက်များအပေါ် ကြီးကြပ်ဆောင်ရွက်ရန် အရေးကြီးပြီး ရန်ကုန်၊ မန္တလေးတို့တွင် ရှောင်တခင်စစ်ဆေးမှုများ ရှိသော်လည်း အခြားတိုင်းနှင့်ပြည်နယ် မြို့ကြီးများတွင် စစ်ဆေးအရေးယူမှု မရှိသလောက်တွေ့မြင်နေရသဖြင့် ပြည်သူ့အကျိုးခံစားခွင့်ကို အဓိကထား၍ ကြီးကြပ်စစ်ဆေးမှု၊ တာဝန်ခံမှု ခိုင်မာစေမည့်အစီအမံများဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ထောက်ခံဆွေးနွေးသည်။

သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဟေသားကြီးက အစိုးရအနေဖြင့် အခွန်ကင်းလွတ်ခွင့်ပေးလိုက်ခြင်းနှင့်ပတ်သက်၍ တင်သွင်းသူများ၊ ဖြန့်ဖြူးသူများနှင့် လက်လီရောင်းချသူများအထိ စာရင်းဇယားများကို တစ်ဆင့်ခြင်း စစ်ဆေးကြပ်မတ်ရန် လိုအပ်ပါကြောင်း၊ အစိုးရ၏ အခွန်ကင်းလွတ်ခွင့်ပေးခြင်း၏ အကျိုးကျေးဇူးသည် ပြည်သူများထံ မရောက်ရှိပါက အစိုးရ၏ မူဝါဒကို ပြန်လည်သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ သဘာဝဓာတ်ငွေ့ရည်အပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်းသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်သည့်အတွက် အမှန်တကယ် လျှပ်စစ်ဓာတ်အားမည်မျှ ထုတ်လုပ်နိုင်ခဲ့သည်ကို တိုင်းတာသင့်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဒီဇယ်နှင့် သဘာဝဓာတ်ငွေ့ရည် အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တိုးမြှင့်ပေးခြင်းသည် ပြည်သူများ၏ စားဝတ်နေရေး၊ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအတွက် အထောက်အကူဖြစ်စေသည် ဖြစ်သောကြောင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဝန်းသိမဲဆန္ဒနယ်မှ ဦးစိုးပိုင်က ဒီဇယ်ဆီနှင့် LNG သည် စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ စက်မှုနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် မရှိမဖြစ် စွမ်းအင်ဖြစ်သဖြင့် အခွန်သက်သာခွင့်ပေးခြင်းကို နားလည်သော်လည်း အခွန်ကင်းလွတ်ခွင့်ပေးခြင်းနှင့် ပြည်သူများ အမှန်တကယ် အကျိုးခံစားရခြင်းသည် တစ်ထပ်တည်းမဟုတ်ပါကြောင်း၊ တင်သွင်းသူများ ဘက်တွင် ကုန်ကျစရိတ်လျော့ကျနိုင်သော်လည်း ပြည်တွင်း လက်ကားဈေး၊ လက်လီဈေး၊ သယ်ယူပို့ဆောင်ခနှင့် အခြေခံစားသောက်ကုန် ဈေးနှုန်းများတွင် အမှန်တကယ် လျော့ကျသွားခြင်း ရှိ/မရှိ စိစစ်ရန်လိုအပ်ကြောင်းနှင့် အခွန်ကင်းလွတ်ခွင့်ရရှိသည့် စွမ်းအင်များ သတ်မှတ်လုပ်ငန်းကဏ္ဍသို့ အမှန်တကယ်ရောက်ရှိမှု ရှိ/မရှိ၊ တရားမဝင် ဈေးကွက်စီးဆင်းမှုမရှိစေရေးကြပ်မတ်ရန်နှင့် အကျိုးရလဒ်များကို လွှတ်တော်သို့ ပြန်လည်တင်ပြသည့် စနစ်ထားရှိသင့်ကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ **ကြည့်မြင်တိုင် မဲဆန္ဒနယ်မှ ဦးခင်လှိုင်နှင့် မကွေးတိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၁) ဦးအောင်လှထွေး**တို့က ဆက်လက်ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်ထင်က နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအသုံးပြုရသည့် ဒီဇယ်ဆီ HSD (500 ppm) ကို ကုန်ဈေးနှုန်းတည်ငြိမ်စေရန်၊ အများပြည်သူအတွက် လျှပ်စစ်ဓာတ်အားဈေးနှုန်းမြင့်တက်မှုမရှိစေရန်၊ ကုန်ထုတ်လုပ်မှုစရိတ် လျော့ချနိုင်ရန်နှင့် အခြေခံပြည်သူလူထု၏ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရေးကို အဓိက ဦးတည်ပြီး ဒီဇယ်ဆီ HSD (500 ppm) နှင့် သဘာဝဓာတ်ငွေ့ရည်(LNG)တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်း ဖြစ်ပါကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ရသည့် အကြောင်းရင်းများစွာရှိသည့် အနက် အခွန်ကောက်ခံမှုကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို လျော့ချနိုင်ရန်နှင့် အခွန်၏သက်ရောက်မှုနည်းပါးစေရန်အတွက် အခွန်ကင်းလွတ်ခွင့်ပြုရန် တင်ပြဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း။

ပြည်ပမှတင်သွင်းလာသည့် စက်သုံးဆီများကို ဈေးနှုန်းသတ်မှတ်ရာတွင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနက အခွန်မပါသည့်ဈေးနှုန်းဖြင့်သာ သတ်မှတ်၍ ပြည်တွင်းသို့ ပြန်လည်ဖြန့်ဖြူးရောင်းချစေခြင်းဖြင့် အခွန်ကောက်ခံမှုကြောင့် စက်သုံးဆီဈေးနှုန်း မြင့်တက်မှုမရှိစေရန် သက်ဆိုင်ရာ ကော်မတီများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD (500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်(Liquefied Natural Gas-LNG)အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့အတွက် (၂)လထပ်မံ၍ တိုးမြှင့်ခွင့်ပြုနိုင်ရေး ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ပြန်လည်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၄၆၁ မဲ၊ ကန့်ကွက်မဲ ၃၀ နှင့် ကြားနေမဲ ၃၄ မဲရရှိပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် သဘောတူ အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **ပလက်ဝ-ဖိုရမ်ပူရီ(၂) လမ်းသွားလမ်းဖောက်လုပ်ခြင်းစီမံကိန်းအတွက် တင်သွင်းခဲ့သော မော်တော်ယာဉ်(၅)စီးအပေါ် ကျသင့်မည့် အထူးကုန်စည်ခွန်အား ကင်းလွတ်ခွင့်ပြုနိုင်ရေးကိစ္စနှင့်** စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက ပလက်ဝ-ဖိုရမ်ပူရီ နှစ်လမ်းသွားလမ်း ဖောက်လုပ်ရေးစီမံကိန်းသည် မြန်မာနိုင်ငံ ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် အိန္ဒိယ-မြန်မာနယ်စပ်ရှိ ဖိုရမ်ပူရီကို ဆက်သွယ်ဖောက်လုပ်မည့်နှစ်လမ်းသွားအဝေးပြေးလမ်းစီမံကိန်းဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းသည် အိန္ဒိယအရှေ့မြောက်ဒေသနှင့် စစ်တွေဆိပ်ကမ်းကို ချိတ်ဆက်၍ ပင်လယ်ရေကြောင်း၊ မြစ်ကြောင်းနှင့် ကုန်းလမ်းတို့ကို ပေါင်းစပ်ကာ ဘင်္ဂလားပင်လယ်အော်သို့ ကုန်စည်သယ်ယူပို့ဆောင်မည့် အဓိကလမ်းကြောင်းဖြစ်သည့်အတွက် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ပြုခြင်းဖြင့် အသုံးစရိတ်လျော့ချနိုင်ကာ လမ်းဖောက်လုပ်မှု လျင်မြန်စေမည်ဖြစ်၍ အလွဲသုံးစားမဖြစ်စေရေး တိကျစွာသတ်မှတ်ကြီးကြပ်လျက် မော်တော်ယာဉ်ငါးစီးအပေါ် ကျသင့်မည့် အထူးကုန်စည်ခွန်ကင်းလွတ်ခွင့်ကို လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကလေးမဲဆန္ဒနယ်မှ ဦးခင်မောင်သန်းက အဆိုပါစီမံကိန်းသည် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း ဒေသကြီး ကလေးဒေသအပါအဝင် နယ်စပ်ကုန်သွယ်ရေးကွင်းဆက်များကို စာမျက်နှာ ၄ သို့ ☆

လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၃

လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာန အကြီးအကဲ Lieutenant General Saichay Kommasith ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ ထွက်ခွာသည်။



ပို့ဆောင်နှုတ်ဆက်

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့အား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ဒေါ်နန်းကူးက္ခ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့် ဒေါ်နန်းကူးက္ခ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။(၀၆၇)

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်အတူ အဖွဲ့ဝင်များအဖြစ် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ Wattay အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ လာအို အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Major General Vanhthong Boudtavong နှင့်ဇနီး၊ နိုင်ငံခြားဆက်ဆံရေးဌာန ဒုတိယအကြီးအကဲ၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုစစ်သံမှူးနှင့် ဇနီး၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကိုနှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ရာဇာထွန်းနှင့် ဇနီး၊ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ချစ်ကြည်ရေး ခရီးစဉ်အတွင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံစစ်တက္ကသိုလ်အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး လာအိုနိုင်ငံရှိ အထင်ကရနေရာများကို လှည့်လည်ကြည့်ရှုလေ့လာသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

☆ စာမျက်နှာ ၃ မှ

အထူးအကျိုးပြုမည်ဖြစ်ကြောင်း၊ ထို့ပြင် ကလေးစက်မှုဇုန်မှ ယခင်က ချင်းပြည်နယ်နှင့် နာဂေဒေသများအတွက် မောင်မြန်မာမော်တော်ယာဉ်များနှင့် လယ်ယာသုံးစက်ကိရိယာများကို ၂၀၁၉ ခုနှစ် ကိုဗစ်မတိုင်မီအထိ ထုတ်လုပ်နိုင်ခဲ့ရာ အဆိုပါ လုပ်ငန်းများကို နိုင်ငံတော်၏ အထောက်အပံ့၊ MSME ချေးငွေများဖြင့် ပြန်လည်ဦးမော့လာစေပါက စီမံကိန်းများအတွက် ပြည်တွင်းထုတ် စက်ပစ္စည်းများကို အစားထိုး အသုံးပြုနိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် မော်တော်ယာဉ် ၅ စီးအပေါ် ကျသင့်မည့် အထူးကုန်စည်ခွန်အား ကင်းလွတ်ခွင့်ပြုနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ထောက်ခံဆွေးနွေးသည်။

သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံက လမ်းပန်းဆက်သွယ်ရေးသည် ဒေသဖွံ့ဖြိုးရေး၏ သွေးကြောဖြစ်ပြီး ပလက်ဝကဲ့သို့ ဒေသတွင် နှစ်လမ်းသွားလမ်း ဖောက်လုပ်နိုင်ခြင်းသည် ပြည်သူများ၏ လူမှုစီးပွားအတွက် အခွင့်အလမ်းတံခါးသစ်များ ဖွင့်လှစ်ပေးခြင်းဖြစ်သည့်အပြင် အဆိုပါစီမံကိန်းသည် နှစ်နိုင်ငံချုပ်ဆိုထားသည့် Framework Agreement နှင့်အညီ အကောင်အထည်ဖော်နေခြင်းဖြစ်သဖြင့် စီမံကိန်းအချိန်မီပြီးစီးရေး လိုအပ်သော အထောက်အပံ့များ ဖြည့်ဆည်းပေးသင့်ကာ တင်သွင်းလာသည့်မော်တော်ယာဉ်၅စီးအပေါ် ကျသင့်မည့် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ပြုရေးကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းဆေး(ခ) ဦးတင်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ် အမှတ်(၆) ဦးအေးပိုင်တို့က ထောက်ခံဆွေးနွေးကြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ယခုကဲ့သို့ ပြည့်ပြည့်စုံစုံ အကြံပြုထောက်ပြ ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို အထူး ကျေးဇူးတင်ရှိပြီး ဌာနအနေဖြင့်လည်း အဆိုပါ မော်တော်ယာဉ်များကို သက်ဆိုင်ရာလုပ်ငန်းတွင်သာ အကျိုးရှိစွာ အသုံးချသွားမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင် က ပလက်ဝ-ဖိုရမ်ပူရီ (၂) လမ်းသွား လမ်းဖောက်လုပ်ခြင်း စီမံကိန်းသည် အိန္ဒိယနိုင်ငံ၏ အထောက်အပံ့(Grant Aid)ဖြင့် ၂၀၁၇ ခုနှစ်က စတင်ဆောင်ရွက်ခဲ့သည့် စီမံကိန်းဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် နယ်မြေအခြေအနေအရ စီမံကိန်းလုပ်ငန်းများ ရပ်တန့်ခဲ့ရသည့်အတွက် Drawback စနစ်ဖြင့် တင်သွင်းခဲ့သည့် မော်တော်ယာဉ် ၅ စီးကို မူလနိုင်ငံသို့ ပြန်လည်တင်ပို့မှုမရှိနိုင်ခြင်းကြောင့် ပြည်တွင်းသုံးစွဲမှုစနစ်သို့ ပြောင်းလဲဆောင်ရွက်ရာတွင် ကျသင့်မည့် အထူးကုန်စည်ခွန်ကို ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပလက်ဝ-ဖိုရမ်ပူရီ (၂)လမ်းသွား လမ်းဖောက်လုပ်ခြင်း စီမံကိန်းအတွက် တင်သွင်းခဲ့သော မော်တော်ယာဉ် ၅ စီးအပေါ် ကျသင့်မည့် အထူးကုန်စည်ခွန်အား ကင်းလွတ်ခွင့်ပြုနိုင်ရေး အတွက် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ ပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ပြန်လည်ရှင်းလင်း တင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၅၂၃ မဲ၊ ကန့်ကွက်မဲ ၄ မဲ၊ ကြားနေမဲ ၆ မဲ ရရှိပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်း က ကော်မရှင်ကို အဖွဲ့ဝင် ၁၃ ဦးဖြင့် ဘာသာရပ် အလိုက် တာဝန်ခွဲဝေ ဆောင်ရွက်လျက်ရှိပြီး ဌာန ၆ ခုအပြင် နေပြည်တော်၊ မန္တလေး၊ စစ်တွေနှင့် ပုသိမ်မြို့တို့တွင် ရုံးခွဲများ ဖွင့်လှစ်ထားရှိကြောင်း၊ လူ့အခွင့် အရေးမြှင့်တင်ရေးနှင့် အသိပညာပေးရေးအတွက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ကြက်ခြေနီအသင်းနှင့် လူငယ်ရေးရာကော်မတီတို့၌ ဟောပြောပွဲများပြုလုပ်ခြင်း၊ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ လူ့အခွင့် အရေးသင်ခန်းစာ ၁၈ ခု ပို့ချခြင်းနှင့် သတင်းထုတ်ပြန်ချက် ၁၇ ခု ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးအနေဖြင့် တိုင်တန်းချက် ၃၄၆ စောင်နှင့် သတင်းဓိဒိယာအရ ဆောင်ရွက်မှု ၁ မှု လက်ခံရရှိခဲ့ရာ သက်ဆိုင်ရာ ဌာနများသို့ ညှိနှိုင်းမေးမြန်းခြင်း၊ တိုင်တန်းသူများထံ အကြံပြုချက်ပြန်ကြားခြင်း၊ ကော်မရှင်ရုံးသို့ ခေါ်ယူစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး တိုင်တန်းချက်များ အနက် မြေယာကိစ္စ ၂၈ ဒသမ ၀၁ ရာခိုင်နှုန်း၊ တရားရေးကိစ္စ ၁၂ ဒသမ ၀၁ ရာခိုင်နှုန်းနှင့် အကျဉ်းထောင်ကိစ္စ ၁၁ ဒသမ ၂၃ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း၊ တိုင်တန်းချက်အရ ကွင်းဆင်းစုံစမ်း စစ်ဆေးမှုပြုလုပ်ခဲ့သည့်အပြင် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း၊ ရဲစခန်း၊ တရားရုံး အချုပ်ခန်း၊ ဘိုးဘွားရိပ်သာနှင့် လူငယ်သင်တန်း ကျောင်းများကို စစ်ဆေး၍ အကြံပြုချက်များ ပေးပို့ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုလည်း ပြည်တွင်းလေ့လာသူအဖြစ် စောင့်ကြည့်လေ့လာခဲ့ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စု လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး နဝမနေ့ကို နိုဝင်ဘာ ၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

✻ KNU မှ

ပြည်ဖျက်ဓိဒိယာများအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရေး ကောင်းမွန်မှုကို မလိုလားသည့်အတွက် နယ်စပ်ရှိဒေသခံများအား စိုးရိမ်ကြောက်ရွံ့စိတ်များ ဖြစ်ပေါ်စေရန် ရည်ရွယ်၍ ထိုင်းနိုင်ငံဘက်ရှိ ကုန်လှောင်ရုံများကို ဖျက်ဆီးမည်ဆိုသည့် သတင်းအပါအဝင် အခြေအမြစ်မရှိသည့် ကောလာဟလသတင်းများကို ဖြန့်ဝေနေကြောင်း တွေ့ရှိရပြီး အဆိုပါ အွန်လိုင်းမီဒီယာသတင်းများသည် မှန်ကန်မှုမရှိသည့် သတင်းမှားများ သာဖြစ်ကြောင်း တွေ့ရှိရသည်။

မြန်မာ - ထိုင်းနှစ်နိုင်ငံအနေဖြင့် နိုင်ငံတော်အစိုးရအချင်းချင်း ဆက်ဆံရေး၊ တပ်မတော်အချင်းချင်းဆက်ဆံရေး၊ ပြည်သူအချင်းချင်းနှင့် အဖွဲ့အစည်းများအကြား ဆက်ဆံရေးတို့တွင် ကဏ္ဍပေါင်းစုံ၌ ခိုင်မာအားကောင်းလျက်ရှိပြီး မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (Natural Strategic Partnership) အဆင့်ရှိသည့် နိုင်ငံများလည်းဖြစ်သည်။ မြန်မာ့တပ်မတော်အနေဖြင့်လည်း နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြားတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် နှစ်နိုင်ငံ ပြည်သူများအနေဖြင့်လည်း ကာလရှည်ကြာသည့် မိတ်ဖက်ချစ်ကြည်ရင်းနှီးမှုများရှိပြီး ဖြစ်သည်။

KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက် အဖွဲ့များအနေဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပျက်ပြားစေရန် ရည်ရွယ်၍ နှစ်နိုင်ငံနယ်စပ်တွင် အဖျက်အမှောင့်လုပ်လုပ်နေများ လုပ်ဆောင်လျက်ရှိရာ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ၁၂ ဒသမ ၇ မမ စက်သေနတ်ကြီးဖြင့် ပစ်ခတ်ခံရမှုကြောင့် ထိုင်းပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်ဟုသိရပြီး မြန်မာ့တပ်မတော်၌ အဆိုပါ လက်နက်အသုံးပြုမှုမရှိသည်ကို ထိုင်းတပ်မတော် တာဝန်ရှိသူများထံ အသိပေးပြီးဖြစ်ကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများက နှစ်နိုင်ငံ ချစ်ကြည်ရေးကို ပျက်ပြားစေရန် ထိုင်းနိုင်ငံနယ်နိမိတ်အတွင်းသို့ ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့မှုအတွက် မြန်မာ့တပ်မတော်မှ များစွာစာနာနားလည်ပါကြောင်း ဖော်ပြအပ်ပါသည်။


မြန်မာ့တပ်မတော်အနေဖြင့် မြန်မာ - ထိုင်း တပ်မတော်နှစ်ရပ်အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုအား အလေးထားသည်နှင့်အညီ အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာကိုထိပါးစေမည့် အပြုအမူများကို မည်သည့်အချိန်တွင်မှ လုပ်ဆောင်မည်မဟုတ်ဘဲ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိပြီး နှစ်နိုင်ငံဖွဲ့ဖြိုးတိုးတက်မှုနှင့် နှစ်နိုင်ငံပြည်သူများ လုံခြုံအေးချမ်း၍ ဒေသတည်ငြိမ်ရေးကိုသာ အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးအား တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၃

လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသား ကာကွယ်ရေးဝန်ကြီး General Khamlieng Outhakaysonအား ကာကွယ်ရေးဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) တို့ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသား ကာကွယ်ရေးဝန်ကြီးနှင့်အတူ လာအိုပြည်သူ့တပ်မတော်မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး General Khamlieng Outhakayson တို့ တွေ့ဆုံဆွေးနွေးစဉ်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး၊ စစ်ဘက်ဆက်ဆံရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံဆက်ဆံရေးတို့တွင် တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် တို့ပါဝင်သော CLMV အဖွဲ့ဝင်နိုင်ငံလေးနိုင်ငံ၊ မဟာမဲခေါင် ဒေသခွဲအဖွဲ့၊ ဧရာဝတီ - ကျောက်ဖရား - မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအဖွဲ့ တို့တွင်လည်း အဖွဲ့ဝင်နိုင်ငံများအဖြစ် ဒေသတွင်း တိုးတက်ဖွံ့ဖြိုးရေးကိစ္စရပ်များတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မဲခေါင်မြစ်လုံခြုံရေး အပါအဝင် နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မူးယစ်ဆေးဝါး၊ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်း နိုင်ငံများနှင့် ချစ်ကြည်ရေး ကောင်းမွန်အောင် နေထိုင်လျက်ရှိပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြိုး ၅ရပ်နှင့်အညီ ရပ်တည်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုများဖြစ်သော ဒီမိုကရေစီနည်းကျ ရွေးချယ်ခံထားရသည့် နိုင်ငံတော်အစိုးရသည် ပြည်သူ့ဆန္ဒကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတကာ ဆက်ဆံရေးနှင့် ပတ်သက်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒနှင့်အညီ အိမ်နီးချင်းကောင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့် ဟန်ချက်ညီ ဆက်သွယ်ဆောင်ရွက်နေမှု အခြေအနေများ၊ တပ်မတော် အနေဖြင့်လည်း အမျိုးသားရေး တာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကာကွယ် စောင့်ရှောက်နေသည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြကာ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ကျန်းမာရေးဝန်ကြီးဌာန သစ်လွင်သူနာပြုများအား နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိဝင်ဘာ ၃

ကျန်းမာရေးဝန်ကြီးဌာန၏ သစ်လွင်သူနာပြုများအား နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တာဝန်ပေးအပ်ပွဲတွင် သူနာပြုတက္ကသိုလ် (ရန်ကုန်)မှ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) အောင်မြင်သူ ၂၈၃ ဦးနှင့် သူနာပြုတက္ကသိုလ်(မန္တလေး)မှ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)အောင်မြင်သူ ၁၇၉ ဦး စုစုပေါင်း ၄၆၂ ဦးအား နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာများပေးအပ်မည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၆ ခုနှစ် ဒီဇင်ဘာလတွင် သူနာပြု၂၁၄၃ ဦးတို့အား သစ်လွင်သူနာပြုများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။



အဆိုပါအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက နိုင်ငံတော်အနေဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတိုးတက်အောင်ဆောင်ရွက်လျက်ရှိရာ သူနာပြုများ နေထိုင်ရန်အဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊ ရရှိထားသောပညာအရည်အချင်းအလိုက် ထောက်ပံ့ကြေးများ၊ ရာထူးအဆင့်အလိုက် လစာနှုန်းတိုးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် Capacity Building အတွက် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး မိမိတို့အရည်အသွေးတိုးတက်လာစေရေးအတွက် ကြိုးစားကြစေလိုကြောင်း၊ သစ်လွင်သူနာပြုများကို ကျန်းမာရေးဝန်ကြီးဌာနမှ မိသားစုဝင်အဖြစ် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုပါကြောင်း၊ ပြည်သူလူထုအားကိုးအားထားရသောသူနာပြုဆရာဆရာမကောင်းများဖြစ်ရန် ကြိုးစားကြစေလိုကြောင်း၊ အချင်းချင်း အပြန်အလှန်လေးစားပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များ ပြည့်မှီအောင် ဆတက်ထမ်းပိုးကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သစ်လွင်သူနာပြုစုစုပေါင်း ၄၆၂ ဦးကိုယ်စား သစ်လွင်သူနာပြုနှစ်ဦးအား နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာများပေးအပ်ခဲ့ပြီး သူနာပြုတက္ကသိုလ် (ရန်ကုန်)မှ သစ်လွင်သူနာပြုတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



ကျိုင်းလပ် နိုဝင်ဘာ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့တွင် တစ်မျိုးသားလုံး ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရွာပုန်းသီးမျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန် ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်တွင် ဤရောက်မည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက ကျိုင်းလပ်မြို့၊ ဝမ်လုံရပ်ကွက်ရှိ အားကစားကွင်းတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကျိုင်းလပ်မြို့စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မျိုးထွေးက အဖွင့်အမှာစကားပြောကြားပြီး အသင်းအဖွဲ့ခေါင်းဆောင် ဦးသန့်ဇင်ထူးက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့် ပွဲစဉ်တစ်လျှောက်ယှဉ်ပြိုင်ကစားကြရာတွင် အသင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုရှိပြီး အားကစားစိတ်ဓာတ် အပြည့်ဖြင့် ယှဉ်ပြိုင်ကစားကြစေလိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ပြိုင်ပွဲတွင် စုစုပေါင်း အသင်း ၁၉ သင်းပါဝင်ပြီး အုပ်စု လေးစုခွဲ၍ နိုဝင်ဘာ ၂ ရက် မှ နိုဝင်ဘာ ၇ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝံပုံ)

မြို့နယ်(ပြန်/ဆက်)

o-o-o-o-o

❍ ရန်ကုန်ပြည်သူ့ဆေးရုံမှ

အဆိုပါ ခြင်ဆီအစားထိုးကုသခြင်းကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပါမောက္ခ/ အထူးကု ဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများ၊ အထောက်အကူပြုဝန်ထမ်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာဘေးဦးမှာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ (၅၇) နှစ်အရွယ် အမျိုးသားတစ်ဦး၊ လှိုင်မြို့နယ်မှ (၆၆) နှစ်အရွယ် အမျိုးသားတစ်ဦး၊ ဟိုပန်မြို့နယ်မှ (၅၄) နှစ်အရွယ် အမျိုးသမီးတစ်ဦး၊ သာကေတမြို့နယ်မှ (၆၂) နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် တောင်ကြီးမြို့နယ်မှ (၅၈) နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့ဖြစ်ကြသည်။


ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် သုံးဦး၊ ၂၀၂၅ ခုနှစ်တွင် ၁၀ ဦးနှင့် ၂၀၂၆ ခုနှစ် ယခုအချိန်အထိ ၁၃ ဦး စုစုပေါင်း ၃၈ ဦးကို ဆောင်ရွက်ခဲ့ပြီး ပြည်သူများ ကျန်းမာရေး ကုန်ကျစရိတ် သက်သာစေရေး အတွက် ပြည်တွင်း၌ပင် ခြင်ဆီအစားထိုးကုသမှုများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးအား လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက ဂုဏ်ပြုကြိုဆို တွေ့ဆုံဆွေးနွေး၊ အညတရ စစ်သည်ဗိမာန်သို့ သွားရောက် ပန်းခွေချ အလေးပြု

နေပြည်တော် နိုဝင်ဘာ ၃

လာအိုပြည်သူ့တပ်မတော်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာ့တပ်မတော်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တို့ နှစ်ဖက်တွေ့ဆုံခြင်း အခမ်းအနား ဒီဇင်ဘာလ ၃ ရက် ... ခန့်ကာလ ၃ ရက် ... မတ်လ 03 ... 2026



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Saichay Kommasith တို့ တွေ့ဆုံဆွေးနွေးစဉ်။

လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Saichay Kommasith က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)တို့ တက်ရောက်ကြပြီး လာအို အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာန အကြီးအကဲနှင့် အတူ လာအိုပြည်သူ့တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့် လာအိုအမျိုးသားကာကွယ်ရေး ဝန်ကြီးဌာနသို့ ရောက်ရှိရာ လာအိုအမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက ကြိုဆိုနှုတ်ဆက်သည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲတို့သည် နှစ်ဖက်ဦးစီးမှူးများ တပ်မတော် အရာရှိကြီးများနှင့် အပြန်အလှန် မိတ်ဆက်ပေးကြပြီး အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ကြသည်။ ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲတို့သည် ဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးတက်ခိုင်မာစေရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား အဆင့်လိုက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်ရေး၊ နယ်စပ်ဒေသ ကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လေ့ကျင့်ရေးဆိုင်ရာများ၊ တပ်မတော်အားကစားအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန် စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များ၊ အွန်လိုင်း လောင်းကစားမှု ပပျောက်စေရေးအတွက် နှိမ်နင်းလျက်ရှိမှု၊ မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းလောင်းကစားမှုများနှင့် အွန်လိုင်းလိမ်လည်မှုများအား အမြစ်ပြတ်ချေမှုန်းရန်၊ ဒေသတွင်း၌ အွန်လိုင်းလောင်းကစားမှုနှင့် အွန်လိုင်းလိမ်လည်မှုများ ကင်းစင်ပပျောက်စေရန်နှင့် အနာဂတ်တွင်လည်း ထပ်မံပေါ်ပေါက်လာခြင်း မရှိစေရန်ရည်ရွယ်၍ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးများကို ဆက်လက်ဆောင်ရွက်လျက်ရှိမှုနှင့် ယနေ့အထိ အွန်လိုင်းလိမ်လည်မှုနှင့် သက်ဆိုင်သော အဆောက်အအုံ ၁၀၅၃ လုံးအား ဖြိုချဖျက်ဆီးခဲ့မှု အခြေအနေများ။

မူးယစ်ဆေးဝါး တားဆီးကာကွယ်နှိမ်နင်းရေးဆိုင်ရာ ကိစ္စရပ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ ရောင်းဝယ်ဖြန့်ဖြူးခြင်းမှတစ်ဆင့် ရရှိသော ဝင်ငွေများဖြင့် လက်နက်/ခဲယမ်းများ ဝယ်ယူဖြည့်တင်း၍ အင်အား တည်ဆောက်လျက် ရှိသဖြင့် နှစ်နိုင်ငံ နယ်စပ်ဒေသများတွင် ခိုအောင်းနေထိုင်မှု မရှိစေရေး ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဒေသဆိုင်ရာ နယ်ခြားကော်မတီ(RBC)နှင့် ပူးတွဲနယ်ခြား လုံခြုံရေးကော်မတီ (JBSC) အစည်းဝေးများ ကျင်းပနိုင်ခဲ့မှုအခြေအနေများ၊ ပြည်တွင်း ငြိမ်းချမ်းရေးရရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်အစိုးရမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် လာအိုအမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် အညတရ စစ်သည် ဗိမာန်သို့ သွားရောက်၍ ပန်းခွေချ အလေးပြုသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် အညတရသူရဲကောင်း စစ်သည်ဗိမာန်သို့ ရောက်ရှိကြရာ လာအိုနိုင်ငံမှ အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လာအိုပြည်သူ့တပ်မတော်မှ စစ်တိုးပိုင်းအဖွဲ့၏ တိုးမှုတ်မှုနှင့်အတူ အညတရသူရဲကောင်းစစ်သည်ဗိမာန်၌ ဂုဏ်ပြုပန်းခွေချ အလေးပြုသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လာအိုနိုင်ငံမှ တပ်မတော်အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ပြန်လည်ထွက်ခွာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အညတရ စစ်သည်ဗိမာန်၌ ပန်းခွေချစဉ်။

စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

မိုင်းရွာ နိုဝင်ဘာ ၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရွာခရိုင်၊ ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေကို ရရှိမရွေး ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ တူယားကျေးရွာအုပ်စု၊ ပိုက်လိန်ကျေးရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို နိုဝင်ဘာ ၂ ရက် နံနက် ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မိုင်းရွာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်းနှင့် ဝန်ထမ်းများသည် ပိုက်လိန်ကျေးရွာတွင် ရေထွက်ပင်ရင်းမှ ကျေးရွာအရောက် အရှည် ၁ မိုင် ၂ ဖာလုံရှိ စိမ့်မြေရေသွယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး ခရိုင်ဦးစီးမှူးက တာဝန်ရှိသူများနှင့်တွေ့ဆုံကာ အဆိုပါလုပ်ငန်းကို စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင်ပြုရန်ပုံငွေကျပ် (၅၉ ဒသမ ၃၀၃)သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် တင်ဒါအောင်မြင်သည့် သိန်ဂီကျော်စောကုမ္ပဏီမှ ယခုနှစ် ဩဂုတ်လ ပထမအပတ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီးဖြစ်၍ ပိုက်လိန်ကျေးရွာရှိ အိမ်ခြေ ၃၃ အိမ်၊ လူဦးရေ ၁၀၃ ဦးတို့အတွက် သန့်ရှင်းသော သောက်သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

ကာရံ(ကျေးလက်)

* – * – * – * – *

မန္တလေးနေ့စဉ်သတင်းစာတိုက်
ကြော်ငြာဌာနကို မူလနေရာ
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြားတွင်
ပြန်လည်ဖွင့်လှစ်နေပြီ ဖြစ်ပါသည်။

မန္တလေးမြို့ နန်းမြို့ရိုးရေရှည်တည်တံ့ခိုင်မြဲစေရေး အလေ့ကျပေါက်ရောက်နေသည့် ချို့နွဲ့ယ်များ ပေါင်းမြက်များကို လူအင်အားဖြင့် ရှင်းလင်းဆောင်ရွက်



မန္တလေး နိုဝင်ဘာ ၃

မန္တလေးမြို့ နန်းမြို့ရိုး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် နန်းမြို့ရိုးပတ်လည်တွင် အလေ့ကျပေါက်ရောက်နေသည့် ချို့နွဲ့ယ်များ ပေါင်းမြက်ပင်များကို ယနေ့နံနက်ပိုင်းက လူအင်အားဖြင့် ရှင်းလင်းဆောင်ရွက်ကြရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်မှူးချုပ် အောင်ဌေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းထွန်းတင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ လိုက်လံကြည့်ရှုရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးတို့အား ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ညွှန်ကြားရေးမှူး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့မှုများအား ရှေးမူလက်ရာအတိုင်း ပြန်လည်ပြုပြင်မွမ်းမံပြီးစီးမှုအခြေအနေများ၊ နန်းမြို့ရှေရှည်တည်တံ့ခိုင်မြဲရေးအတွက် အလေ့ကျပေါက်ရောက်နေသည့် ချို့နွဲ့ယ်များ၊ ပေါင်းမြက်များကို တပ်မတော်သားများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးကော်မတီမှ လုပ်သားများ စုစုပေါင်းအင်အား ၅၀၀ ဦးဖြင့် စနစ်တကျကြပ်မတ်ကာ ရှင်းလင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးတို့က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့၌ (AML/CFT)ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေဆွေးနွေးချက်များနှင့် အိမ်ခြံမြေအကျိုးတော်ဆောင်(Professional)သင်တန်း အပတ်စဉ်(၂/၂၀၂၆)သင်တန်းဖွင့်လှစ်

မန္တလေး နိုဝင်ဘာ ၃

မြန်မာနိုင်ငံအိမ်ခြံမြေအသင်းဗဟိုဥက္ကဋ္ဌကြီး ဦးခင်မောင်သန်း ဦးဆောင်ကာ မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်းက ကြီးမှူးကျင်းပသော (AML/CFT)ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေဆွေးနွေးချက်များနှင့် အိမ်၊ ခြံ၊ မြေ အကျိုးတော်ဆောင်(Professional) သင်တန်းအပတ်စဉ်(၂/၂၀၂၆)သင်တန်းဖွင့်လှစ်ခြင်းအခမ်းအနားကို မန္တလေးမြို့ Hotel Sakura Princess၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ အခမ်းအနားအား မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးရွှေဇင်၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦး၊ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(MRESA)မှ ဒုတိယဥက္ကဋ္ဌ ဒေါ်မိုးမိုးထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ဆက်လက်ပြီး မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)ဒုတိယဥက္ကဋ္ဌ ဒေါ်မိုးမိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့သည်။ ထို့နောက် အိမ်ခြံမြေအကျိုးတော်ဆောင်(Professional) သင်တန်းအပတ်စဉ်(၂/၂၀၂၆)သင်တန်းစတင်ခဲ့ရာ သင်တန်းနည်းပြ ငါးဦးတို့မှ သင်တန်းစာများအား Power Point ဖြင့်စနစ်တကျ သင်ကြားလျက်ရှိပြီး သင်တန်းချိန်



ကို နံနက် ၉ နာရီ ၁၅ မိနစ်မှ ညနေ ၆ နာရီအထိ သင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။ **(၀၅၀)**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သယ်ဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဒေါ်သီဇိုအောင် မိတ္ထီလာမြို့နယ်အတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအား စစ်ဆေး

မန္တလေး နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့သယ်ဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သီဇိုအောင်



သည် ယနေ့နံနက်က သစ်တောဦးစီးဌာန၊ မိတ္ထီလာမြို့နယ် လိန်တောကြီးပြင်ကာကွယ်တောအတွင်း အပူပိုင်းဒေသ(၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေးလှုထုလှုပ်ရှားမှုအသွင်ဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီ၌ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပွဲတော်၌ စိုက်ပျိုးခဲ့သည့် သစ်ပင်များ ရှင်သန်အောင် မြင်မှုအခြေအနေ၊ ၂၀၂၅ ခုနှစ် မိုးရာသီလမ်းဘေး ဝဲ၊ ယာ ဘက်စုံသုံး စိုက်ခင်း ၃၀ ဧက စိုက်ပင်များ ရှင်သန်အောင်မြင်မှု အခြေအနေများအား ကြည့်ရှုစစ်ဆေး၍ အယ်လ်နီညိုဖြစ်စဉ်ကာလ ပူပြင်းခြောက်သွေ့ချိန်၌ သစ်ပင်များ ရှင်သန်ဖြတ်ကျော်နိုင်ရေးစီမံဆောင်ရွက်ရန်၊ တောမီးကူးစက်လောင်ကျွမ်းမှုမရှိစေရေးမီးတားလမ်းဆောင်ရွက်ရန်တို့ကို လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ မိတ္ထီလာ-မြင်းခြံကားလမ်း၊ မိုင်တိုင်(၆/၀-၆/၁)အတွင်း ရှိ ၂၀၂၆ ခုနှစ် မိုးရာသီစတုတ္ထအကြိမ် တိုင်းဒေသကြီးအဆင့် စုပေါင်းသစ်ပင်စိုက်ပွဲ စိုက်ပင်များ ပူပြင်းခြောက်သွေ့ကာလကို ကျော်လွန်ဖြတ်သန်းနိုင်ရန် ရေအရင်းခံတည်ထိန်းသိမ်းနိုင်စေရေး အပင်ခြေများဖုံးအုပ်ခြင်း၊ ရေစိမ့်အိုးမြှုပ်ခြင်းများ ဆောင်ရွက်ထားရှိမှုကို စစ်ဆေးပြီး အပင်များ ရှင်သန်အောင်မြင်စေရေး အထူးအလေးထားဆောင်ရွက်ရန်နှင့် ပေါင်းမြက်ရှင်းလင်းလုပ်ငန်းများအား ရာသီအချိန်မီ စနစ်တကျဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဌင်းနောက် တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက စိုက်ပျိုးထားသည့် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၂၈၃/၂-၂၈၄/၂)အတွင်းရှိ အာဆီယံအဝေးပြေးလမ်းမကြီး (AH) ဘေးဝဲ၊ ယာစိမ်းလန်းစိုပြည်ရေးစိုက်ပျိုးခြင်းအား စစ်ဆေးပြီး လမ်းမကြီး ဝဲ၊ ယာများနှင့် မြို့အဝင်များစိမ်းလန်းစိုပြည်ရေးအလေးထားဆောင်ရွက်ရန် မှာကြားခဲ့ပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **(၄၆၉)**


o-o-o-o-o-o

o-o-o-o

တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း၊ ဆည်မြောင်းနှင့်ကန်၊ သစ်ပင်ရံမှ သဏ္ဌာန်လှပ၊ ပန်ရလိမ့်။

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

တရုတ်နိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုသည်ဟု အိုမန် ဆူလ်တန်ဘုရင်နှင့် တွေ့ဆုံစဉ် သမ္မတရှီကျင့်ပျင် ပြောကြား



ပေကျင်း နိုဝင်ဘာ ၃

အရှေ့အလယ်ပိုင်းနှင့် ပင်လယ်ကွေ့ဒေသတို့တွင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ရရှိရန် အာရပ်နိုင်ငံများ၊ ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများနှင့် အတူ လက်တွဲဆောင်ရွက်သွားမည်ဟူသော တရုတ်နိုင်ငံ၏ ကတိကဝတ်ကို ထပ်လောင်းအတည်ပြုသည်ဟု သမ္မတ ရှီကျင့်ဖျင်က အတိအလင်းပြောကြားလိုက်ကြောင်း စီစီတီဗွီ သတင်းဌာနက ဖော်ပြသည်။

တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် ရောက်ရှိခဲ့သည့် အိမန်နိုင်ငံ၏ ဆူလ်တန်ဘုရင် ဟိုင်သမ် ဘင်တရစ်အယ်လ်ဆိတ်နှင့် တွေ့ဆုံဆွေးနွေးစဉ် ရှီက ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်းနှင့် ပင်လယ်ကွေ့ဒေသတွင် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို ဖော်ဆောင်ရန်နှင့် ကာကွယ်စောင့်ရှောက်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းအားလုံး၏ စုပေါင်းအားထုတ်မှုလိုအပ်သည်ဟုလည်း ရှီက ဆက်လက်ပြောကြားကြောင်း သိရသည်။

Mon



တရုတ်အာကာသကုမ္ပဏီ စီအေအက်စ်စပေ့စ်က ဒုံးပျံလွှတ်တင်၊ ဂြိုဟ်တု ၁၈ လုံးကို ပတ်လမ်းထဲသို့ ပို့ဆောင်

ပေကျင်း နိုဝင်ဘာ ၃

တရုတ်နိုင်ငံ၏ အဓိက အာကာသကုမ္ပဏီတစ်ခုဖြစ်သည့် စီအေအက်စ်စပေ့စ်သည် နိုဝင်ဘာ ၃ ရက်နံနက်က ၄င်း၏ ကိုင်းတိကာ ၂ ဒုံးပျံကို ဒုတိယအကြိမ်အဖြစ် လွှတ်တင်ခဲ့ပြီး ဂြိုဟ်တု ၁၈ လုံးကို ပတ်လမ်းကြောင်း အတွင်းသို့ ပို့ဆောင်ပေးခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အလျား ၅၃ မီတာရှိသော အဆိုပါဒုံးပျံသည် နံနက် ၈ နာရီ ၁၅ မိနစ်တွင် တရုတ်နိုင်ငံအနောက်မြောက်ပိုင်းရှိ ကျိုချမ်း ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ ထွက်ခွာခဲ့ခြင်းဖြစ်သည်။

ခရီးစဉ်တိုတစ်ခုအပြီးတွင် အာကာသအတွင်းသို့ ရောက်ရှိခဲ့ပြီး ၂၁ သုတ်မြောက် အာကာသအခြေပြု အစိတ်အပိုင်းများဖြစ်သည့် ဂြိုဟ်တု ၁၈ လုံးကို သတ်မှတ်ထားသော ပတ်လမ်းကြောင်းများအတွင်းသို့ အောင်မြင်စွာ ပို့ဆောင်ပေးခဲ့သည်။

တရုတ်နိုင်ငံ၏ အင်တာနက် ဂြိုဟ်တုကွန်ရက်အတွက် အစုလိုက်အပြုံလိုက် ဂြိုဟ်တုများကို လွှတ်တင်ရာတွင် အဆိုပါကုမ္ပဏီ၏ ဒုံးပျံကို ပထမဆုံးအကြိမ်အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

ဟောင်ကောင်ပိုးလေဝသဌာန၏ မှတ်တမ်းများအရ အပူဆုံး ဓာတ်တင်ဘာလ ကြုံတွေ့ခဲ့ရ

ပေကျင်း နိုဝင်ဘာ ၃

တရုတ်နိုင်ငံ ဟောင်ကောင်ကျွန်းတွင် မိုးလေဝသမှတ်တမ်းများ စတင်ကောက်ယူခဲ့ချိန်မှစ၍ အပူဆုံး ဓာတ်တင်ဘာလကို ကြုံတွေ့ခဲ့ရကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

ဟောင်ကောင်မိုးလေဝသဌာန၏ မှတ်တမ်းများအရ လစဉ်ပျမ်းမျှအပူချိန်မှာ ၂၇ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်စ်ရှိခဲ့ပြီး ယင်းမှာ လွန်ခဲ့သောနှစ် ဤကာလတူစံချိန်တင်ခဲ့သည့် ပမာဏထက် ၀ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ်စ် ပိုမိုမြင့်တက်လာခြင်းဖြစ်သည်။

ဟောင်ကောင်၌ မိုးလေဝသဆိုင်ရာ စောင့်ကြည့်လေ့လာမှုများကို ၁၈၈၄ ခုနှစ်တွင် စတင်မှတ်တမ်းတင်ခဲ့ပြီး ယခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော ပုံမှန်ထက် ထူးခြားစွာအားကောင်းသည့် အယ်လ်နီညို ဖြစ်စဉ်ကြောင့် တစ်ကမ္ဘာလုံး အပူချိန် မြင့်တက်ခဲ့သည်။

အယ်လ်နီညိုသည် သဘာဝရာသီဥတုသံသရာ၏ ပူနွေးသည့် အဆင့်တစ်ခုဖြစ်ပြီး အပူပိုင်းပစိဖိတ်သမုဒ္ဒရာအတွင်း ပင်လယ်ရေထုအပူချိန်ကို ယာယီမြင့်တက်စေကာ မိုးခေါင်ရေရှားမှုနှင့် ကြွေးရေလျှံမှု ဘေးအန္တရာယ်များကို တိုးပွားစေကြောင်း သိရသည်။

Mon



ဥရောပနိုင်ငံများ၌ ရေခဲသေတ္တာနှင့် အအေးပေးစနစ်များတွင် အပူချိန်မြင့်တက်လာသည်မှာ ဆိုက်ဘာတိုက်ခိုက်ခံရမှုပြဿနာ

စတော့ဟုမ်း နိုဝင်ဘာ ၃

ဥရောပနိုင်ငံအများအပြားရှိ ကုန်စုံဆိုင်များ၏ ရေခဲသေတ္တာနှင့် အအေးပေးစနစ်များတွင် အပူချိန်များ ရုတ်တရက် မြင့်တက်လာမှုသည် ဆိုက်ဘာတိုက်ခိုက်ခံရမှုများကြောင့်ဖြစ်နိုင်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ဘယ်လ်ဂျီယံ၊ အက်စတိုးနီးယား၊ အိုင်ယာလန်၊ လူဇင်ဘတ်နှင့် ဆွီဒင်နိုင်ငံတို့ရှိ စတိုးဆိုင်များတွင် ညတွင်းချင်း အပူချိန်များ ရုတ်တရက် မြင့်တက်သွားခဲ့ခြင်းကို မှတ်တမ်းတင်နိုင်ခဲ့သည်။

ဆွီဒင် စတိုးဆိုင်များ၏ အအေးပေးစနစ်များကို ထိခိုက်စေသည့် ဖြစ်စဉ်အများအပြားကို ဗဟိုဌာနအနေဖြင့် ကိုင်တွယ်ဖြေရှင်းလျက်ရှိကြောင်း ဆွီဒင်နိုင်ငံရှိ အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟို ဌာန၏ အကြီးအကဲက အတည်ပြုပြောကြားသည်။

ဆွီဒင်နိုင်ငံရှိ စတိုးဆိုင်အများအပြားမှ အအေးခန်းများ၏ အပူချိန်သည် ညတွင်းချင်း ရုတ်တရက် မြင့်တက်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon



ဒုံးယူသွားသည့် တန်ပိုးကြီးအိုဒေဟပီဂေး လက်ပတ်နာရီကို တောင်းပန်လွှာနှင့်အတူ ချောပို့ပါဆယ်ဖြင့် ပြန်လည်ပေးပို့လာ

တိုကျို နိုဝင်ဘာ ၃

တိုကျိုမြို့ရှိ စတိုးဆိုင်တစ်ဆိုင်တွင် ပစ္စည်းကြည့်မည်ဟုဆိုကာ ပတ်ကြည့်ပြီးနောက် ခိုးယူထွက်ပြေးသွားခဲ့သည့် ယန်း ၄၆ သန်း (အမေရိကန်ဒေါ်လာ ၂၉၁၃၀၀ ခန့်) တန်ဖိုးရှိ နာမည်ကျော်အိုဒေမာပီဂေးအမျိုးအစား လက်ပတ်နာရီကို လက်ရေးဖြင့် ရေးသားထားသော တောင်းပန်လွှာနှင့်အတူ ချောပို့လုပ်ငန်းမှတစ်ဆင့် ပြန်လည်ပေးပို့လာကြောင်း မိုင်နိစ်ချိသတင်းစာက ဖော်ပြသည်။

အဆိုပါ ပါဆယ်ထုပ်သည် နိုဝင်ဘာ ၁ ရက်နေ့တွင် နကနိဘရော်ဒေဝေး အဆောက်အအုံ၏ ၃ ထပ်ရှိ စတိုးဆိုင်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာ ၂၉ ရက်နေ့က ခိုးယူခံခဲ့ရသည့် နာရီဖြစ်ကြောင်း နာရီ၏ စီးရီးနံပါတ်မှတစ်ဆင့် ဝန်ထမ်းများက အတည်ပြုနိုင်ခဲ့သည်။

ယင်းပါဆယ်ထုတ်ကို ဂျပန်နိုင်ငံ အလယ်ပိုင်း အဓိရှိခရိုင်မှ ပေးပို့ခဲ့ခြင်းဖြစ်သည်။ ပါဆယ်တွင် ပေးပို့သူ၏ အမည်နှင့်လိပ်စာရေးသားထားသော်လည်း အတု အယောင်များသာဖြစ်သည်ဟု ရဲက ယူဆထားပြီး ထွက်ပြေးသွားသည့် အမျိုးသားကို ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

Mon

STOP AIDS

ကမ္ဘာအနှံ့ခြေလျင်လျှောက်ခဲ့သည့် လူစွန့်စား ကားလ်ဘုရှ်ဘီ မိုင်ပေါင်း ၃၁၀၀၀ ခရီးစဉ်ကို အောင်မြင်စွာ အဆုံးသတ်ပြီ

လန်ဒန် နိုဝင်ဘာ ၃

နှစ်ဆယ့်ရှစ်နှစ်ီးပါးကြာ ကမ္ဘာတစ်ဝှမ်းသို့ ခြေလျင်ခရီး လျှောက်လှမ်းခဲ့သည့် ဗြိတိန်နိုင်ငံသား လူစွန့်စားတစ်ဦးသည် မိုင်ပေါင်း ၃၁၀၀၀ ရှည်လျားသော ခရီးစဉ်ကို ၄င်းကြိုးပြင်းခဲ့သည့် နေအိမ်တွင် နိုဝင်ဘာ ၂ ရက်က အဆုံးသတ်ခဲ့ကြောင်း သိရသည်။

လူစွန့်စား ကားလ်ဘုရှ်ဘီသည် အလယ်အမေရိက တောအုပ်များကို ခုတ်ထွင်ရှင်းလင်းဖြတ်သန်းကာ အလက်စကားနှင့် ရုရှား စပ်ကြားရှိ ဗေရဲပြင်ကို ဖြတ်ကျော်ခဲ့ပြီး ယခင်လကလည်း ၄င်း၏ ကိုယ်ပိုင်အားထုတ်မှုသက်သက်ဖြင့် သွားရောက်ခဲ့သည့် ခရီးစဉ်၏ နောက်ဆုံးအဆင့်အဖြစ် အင်္ဂလိပ် ရေလက်ကြားကို ဖြတ်ကူးခဲ့ရသေးသည်။

အသက် ၅၇ နှစ်အရွယ် ၄င်းကို အားပေးထောက်ခံသူ ရာပေါင်းများစွာက နိုဝင်ဘာ ၂ ရက်နေ့နံနက်ပိုင်းတွင် ၄င်း၏ မွေးရပ်ဇာတိ ဟားလ်မြို့ရှိ စတုဂ် ရင်ပြင်၌ သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။

"နှစ်ပေါင်း ၂၈ နှစ်အကြာမှာ ဒီထက်ပိုပြီး ဘာမှ မတောင်းဆိုနိုင်တော့ပါဘူး" ဟု ၄င်းက ပြောပြီးနောက် အနည်းငယ်သော ပစ္စည်းများပါ လက်တွန်းလှည်းကို တွန်း၍ ၄င်း၏ မိခင်၊ အသက် ၃၆ နှစ်အရွယ် သားဖြစ်သူနှင့် ၁၂ နှစ်အရွယ် မြေးမလေးတို့ စောင့်ဆိုင်းနေသည့် မိသားစုနေအိမ်သို့ ဦးတည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

Mon



အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၆)ဖွင့်ပွဲကျင်းပ



မိုင်းကိုင် နိုဝင်ဘာ ၃

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက မိုင်းကိုင်မြို့နယ် မီးသတ်စခန်း၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်တင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးခိုင်တို့က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်လင်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီးနောက် တာဝန်ရှိသူများက သင်တန်းသို့ တက်ရောက်လာသည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံများ ပေးအပ်ခဲ့သည်။



အဆိုပါ သင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး သင်တန်းကို နိုဝင်ဘာ ၂ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ သင်တန်းသားပေါင်း ၅၀ ဦးတို့ကို သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၃

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၌ စုပါအယ်လ်နီညီအပူချိန်မြင့်တက်လာခြင်းကြောင့် ပြည်သူများအပူဒဏ်မှ ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးဆိုင်ရာဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ဒုနာရီက သံလျက်မှော်တောင်ရပ်ကွက်ရှိ ဒေါ်သုခမွာရုံတွင် ကျင်းပရာ အခမ်းအနားသို့ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထင်ဇော်ဦး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများထံ ဖြန့်ဝေခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

ရှေးဦးစွာ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်တင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးခိုင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာသန်းသန်းရှိန်နှင့် တာဝန်ရှိသူများက စုပါအယ်လ်နီညီအပူဒဏ်အန္တရာယ်များအကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာများနှင့် ပက်သက်၍ ကြိုတင်ဆောင်ရွက်ထားရမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များကို ရပ်ကွက်နေပြည်သူများထံ ဖြန့်ဝေခဲ့ကြောင်း သိရသည်။**(ဝ၆၉)**

လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

မိုင်းဓော် နိုဝင်ဘာ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဓော်မြို့နယ်၌ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဝမ်ခုတ်ကျေးရွာအုပ်စု၊ ပင်းကွေ(လားဟူ)ကျေးရွာ ဘက်စုံသုံးခန်းမတွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မိုင်းဓော်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး စောဘလက်ဇော်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းနွယ်နီအောင်၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန(လူမှု-၃) ဒေါ်ထွေးငယ်တို့က လူကုန်ကူးမှုအဓိပ္ပာယ်၊ လူကုန်ကူးမှုဖြစ်ပေါ်စေသော အဓိကအကြောင်းရင်းများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များ၊ သတင်းတု သတင်းမှားများအကြောင်း မြန်မာဘာသာနှင့်လားဟူဘာသာတို့ဖြင့် အသိပညာပေးဟောပြော၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေကာ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်၊ စာစောင်များ၊ လူကုန်ကူးမှုအန္တရာယ်နှင့် ကလေးအလုပ်သမား ပပျောက်ရေးအသိပညာပေး နံရံကပ်ပြဘုတ်တို့ကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၃

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ အောက်တိုဘာ ၃၀ ရက် ညနေ ၃ နာရီ ၁၅မိနစ်က သာစည်မြို့နယ်၊ ကျဲတပ်ဆုံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရာဖွေစဉ် ဆီဆိုင်မှ မန္တလေးဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသောခရီးသည် ကျော်ကျော်ဇင်ဆိုသူ သယ်ဆောင်လာသော ခြင်းအတွင်းမှ စိတ်ကြွဆေးပြား ၅၀၀၀၀ ပြားနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ကျော်ကျော်ဇင် (၃၂) နှစ်ဆိုသူအား သာစည်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

o-o-o-o-o-o



ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၃

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ အောက်တိုဘာ ၃၁ ရက်ည ၈ နာရီခွဲက ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်နေ စိုင်းဝင်းအောင်ဆွေဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သည့် ကဖင်း အလေးချိန် ၆၂၅ ကီလို၊ ဆူဒိုအက်ဖီဒရင်းဆေးပြား ၄၀၀ ပြား၊ Ethyl Vanillin အလေးချိန် ၁၀၀ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းဝင်းအောင်ဆွေ(၃၄)နှစ်ဆိုသူအား ကျိုင်းတုံမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

o-o-o-o-o-o



ရုံးဝန်ထမ်းများအား မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်

ဆင်ပေါင်ဝဲ နိုဝင်ဘာ ၃

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ရုံးဝန်ထမ်းများအား အယ်လ်နီညီဖြစ်စဉ်အတွက် ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် မီးဘေးလုံခြုံရေး ဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါရုံး၌ ပြုလုပ်ခဲ့သည်။

အဆိုပါ မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်ခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးဆန်းဝင်းကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးချစ်ထွေး၊ လက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်မင်း ဦးဆောင်၍ မီးအခြေခံသဘောတရား၊ မီးသတ်ဆေးဘူးအသုံးပြုနည်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများအား အသိပညာပေးဟောပြောခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြု၍ မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်မှုများအား လက်တွေ့ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

အောင်လံ နိုင်ဘာ ၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂ ရက်က ဧရယာကျေးရွာတွင် ကျင်းပခဲ့သည်။



ရှေးဦးစွာ အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက စူပါအယ်လ်နီညိုရာသီဥတုပြောင်းလဲမှုများ ဖြစ်ပွားလာနိုင်သည့် အခြေအနေများနှင့် ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းပြောကြားပြီး အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီက အယ်လ်နီညိုကြောင့် သောက်သုံးရေပြတ်လပ်မှုဖြစ်ပေါ်ပါက ဌာနမှ ဆောင်ရွက်ပေးမည့် အခြေအနေများ၊ အယ်လ်နီညိုသက်ရောက်မှုများကို ကြိုတင်ကာကွယ်နိုင်ရန် အချက်များ၊ ဖြစ်ပွားချိန်တွင် လုပ်ကိုင်ဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက အယ်လ်နီညိုအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဧရယာကျေးရွာမှ ရပ်မိ၊ ရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

(အပေါ်ဝဲပုံ)
အိပ်ပိုးပိုး

o-o-o-o-o



စက်ရုံ မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်

ပုသိမ်ကြီး နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အောင်ချမ်းသာကျေးရွာရှိ A1 ချိုချဉ်စက်ရုံအား မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းသန့် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် မီးငြိမ်းသတ်ရေးပစ္စည်းများ လိုက်လဲကြည့်ရှုစစ်ဆေးခြင်း၊ စက်ရုံဝန်ထမ်းများအား မီးသတ်ဆေးဘူး အသုံးပြုနည်း လက်တွေ့သရုပ်ပြခြင်းများ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) ရွှေရန်ကင်း

အသက်နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ဆက်လက်ထိုးနှံတိုက်ကျွေး

ကန့်ဘလူ နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်တွင် မွေးစမှ တစ်နှစ်ခွဲအထိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့ နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာနခွဲ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ထမ်းများက ကန့်ဘလူမြို့ပေါ်ရှိ ရပ်ကွက်များမှ မွေးကင်းစမှအသက်နှစ်နှစ်အောက် ကလေးငယ်များကို အသက်အရွယ်အပိုင်းအခြားအလိုက် ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆဲဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင်ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုအကြောသေ၊ ဝက်သက်၊ ကျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောဖြစ်စေတတ်သော ရိုတာ(Rota) ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)
အောင်ဝင်းငြိမ်း(ကန့်ဘလူ)

o-o-o-o-o



ရေစီးရေလာကောင်းမွန်စေရန်အတွက် အုတ်ရေဆိုးထုတ်မြောင်း အဆင့်မြှင့်တင် ထိန်းသိမ်းဆောင်ရွက်

ပွင့်ဖြူ နိုဝင်ဘာ ၃

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီကာလ မြို့ပေါ်ရပ်ကွက်များနှင့် မြို့နှင့်နီးစပ်လျက်ရှိသော ကျေးရွာများမှ ဒေသခံပြည်သူများ၏ လယ်ယာမြေများတွင် ရေဝပ်မှုကြောင့် သီးနှံစိုက်ခင်းများ ပျက်စီးမှုအန္တရာယ်ကင်းဝေးစေရန်နှင့် မြို့တွင်း ရေစီး၊ ရေလာကောင်းမွန်စေရန်အတွက် ရည်ရွယ်၍ ပွင့်ဖြူမြို့၏ အဓိက ရေဆိုးထုတ်မြောင်းမှ ထွက်ရှိသော ရေများကို မုန်းချောင်းအတွင်းသို့ စနစ်တကျ စီးဆင်းနိုင်ရေးအတွက် ယခင်မြေသား ရေဆိုးထုတ်မြောင်းအား အုတ်ရေဆိုးထုတ်မြောင်းအဖြစ် အဆင့်မြှင့်တင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်ပေးလျက် ရှိသည်။

အဆိုပါ မြေသားရေဆိုးထုတ်မြောင်းအား ရေစီးရေလာကောင်းမွန်စေရန်အတွက် အရှည် ၅၄၈ ပေရှိ ယခင် မြေသားရေဆိုးထုတ်မြောင်းအား အုတ်ရေဆိုးထုတ်မြောင်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းကို ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် ဌာန၏ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၅၂ သောင်း ၆၀ သန်းဖြင့် အောက်တိုဘာလ ၂၄ ရက်က စတင်ပြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်လင်း၏ ကြီးကြပ်မှုဖြင့် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းရေဆိုးထုတ်မြောင်းသည် မြို့တွင်းရှိ ရေများအားလုံး စီးဆင်းသည့် အဓိကမြောင်းတစ်ခုဖြစ်ကာ မုန်းချောင်းအတွင်းသို့ စနစ်တကျ စီးဝင်နိုင်ရေးအတွက် အုတ်ရေဆိုးထုတ်မြောင်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ခြင်းဖြစ်ကာ ယမန်နေ့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိနှင့် တာဝန်ရှိသူများက အုတ်ရေဆိုးထုတ်မြောင်း ဆောင်ရွက်နေမှု လုပ်ငန်းခွင်အား ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းအရည်အသွေးပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)
(၄၄၅)



အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်းအမှတ်စဉ်(၁/၂၀၂၆)ဖွင့်ပွဲ ကျင်းပ

မိုင်းရူး နိုဝင်ဘာ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရူးခရိုင်၊ မိုင်းရူးမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းအမှတ်စဉ်(၁/၂၀၂၆)ဖွင့်ပွဲကို နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီခွဲက မြို့နယ်မီးသတ်ဦးစီးဌာနခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။



ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ငြိမ်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဦးတို့က အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံပေးအပ်ခဲ့သည်။ အဆိုပါ သင်တန်းတွင် ၂၀၂၆ခုနှစ်၊ နိုဝင်ဘာ ၂ ရက်မှ ၂၇ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)
မြို့နယ်(ငြိန်/ဆက်)

သင့်အသက်အန္တရာယ်ကာကွယ်ရန် အတွက် ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပြီး မေးသိုင်းကြိုး သေချာစွာ တပ်ပါ။

နိုင်ငံတကာ အားကစား သတင်းများ

ပရီးမီးယားလိဂ်တွင် ဂိုးအများဆုံးသွင်းယူနိုင်သည့် ဂျာမနီကစားသမားအဖြစ် ဟာဗက်ဇ် မှတ်တမ်းဝင်



လန်ဒန် နိုဝင်ဘာ ၃

အာဆင်နယ်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဟာဗက်ဇ်သည် ပရီးမီးယားလိဂ်တွင် ဂိုးအများဆုံး သွင်းယူနိုင်သည့် ဂျာမနီ ကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနှင့်အတူ ၁၉ ဂိုး၊ အာဆင်နယ်အသင်းနှင့်အတူ ၂၇ ဂိုး စုစုပေါင်း ပရီးမီးယားလိဂ် ၄၆ ဂိုးဖြင့် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အသက်(၂၇)နှစ် အရွယ်ရှိ ဟာဗက်ဇ်သည် ယခုနှစ် ဘောလုံးရာသီတွင်လည်း အာဆင်နယ်အသင်းနှင့်အတူ ပြိုင်ပွဲ ၈ ခုကစားပြီး ၄ ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(အပေါ်ဝဲပုံ) (NGB)**

ဘယ်လင်ဟမ် ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားဘဝ ပြိုင်ပွဲစုံ သွင်းဂိုး ၅၀ပြည့်မြောက်

မက်ဒရစ် နိုဝင်ဘာ ၃

ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ဘယ်လင်ဟမ် အသင်းကစားသမား ဘဝ ပြိုင်ပွဲစုံ သွင်းဂိုး ၅၀ပြည့် မြောက်သည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းက ရေးဆင်းအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။



ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ၂၀၂၃-၂၀၂၄မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၅၄ပွဲကစား ပြီး သွင်းဂိုး ၅၀ထိ သွင်းယူနိုင်ခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ ဘယ်လင်ဟမ်က "ကျွန်တော် အခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို သွင်းဂိုးတွေထပ်မံသွင်းယူနိုင်အောင် ဆက်လက်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(အပေါ်ပုံ) (NGB)**

အဲဟတန်အသင်းက နယူးကာဆယ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ





လန်ဒန် နိုဝင်ဘာ ၃

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အဲဗာတန်အသင်းနှင့် နယူးကာဆယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အဲဗာတန်အသင်းက နယူးကာဆယ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဲဗာတန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် ၄၉မိနစ်တွင် ဘယ်ရီက သွင်းယူပေးခဲ့သည်။

အဲဗာတန်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၇ရက်တွင် ကိုဗင်ထရီအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ) (NGB)**

2026 WTA Finals တင်းနစ်ပြိုင်ပွဲ နိုဝင်ဘာ ၇ရက်တွင် စတင်မည်

ဝါရှင်တန် နိုဝင်ဘာ ၃

အမေရိကန်နိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 WTA Finals တင်းနစ်ပြိုင်ပွဲ လာမည့် နိုဝင်ဘာ ၇ရက်တွင် စတင်သွားမည်ဖြစ်သည်။ **(ယာဝုံ)**

အဆိုပါ 2026 WTA Finals တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၇ရက်မှ ၁၆ ရက်အထိ ၁၀ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။ 2026 WTA Finals တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

WTA Finals တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ကာဇက် စတန်တင်းနစ်မယ် Elena Rybakina တို့ဖြစ်သည်။ **(NGB)**



ဘောလုံးသတင်း အတိုအထွာများ

* မန်ယူအသင်းသည် အယ်လ်အာလီအသင်းတိုက်စစ်မှူး အိုင်ဇန်တိုနေး ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။
* ချဲလ်ဆီးအသင်းသည် ဘာစီလိုနာအသင်း နောက်ခံကစားသမား ကွန်ဒီကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။ **(NGB)**

ဟန်ဆီဖလစ်ခ် ဘာစီလိုနာအသင်းနှင့်အတူ နိုင်ပွဲ ၁၀၀ပြည့်မြောက်



ဘာစီလိုနာ နိုဝင်ဘာ ၃

ဘာစီလိုနာအသင်းနည်းပြ ဟန်ဆီဖလစ်ခ် အသင်းနှင့်အတူ နိုင်ပွဲ ၁၀၀ ပြည့်မြောက်သည့် မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နည်းပြသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းက အလာဗက်စ်အသင်းကို ခြောက်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်ကို ကိုင်တွယ်ပြီး နောက် ယခုလို မှတ်တမ်းတစ်ရပ် ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ဟန်ဆီဖလစ်ခ်သည် ဘာစီလိုနာအသင်းကို ၂၀၂၄ခုနှစ် မေ ၂၉ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၃၁ပွဲတွင် ပွဲ ၁၀၀ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

အသက်(၆၁)နှစ်အရွယ်ရှိ ဟန်ဆီဖလစ်ခ်က "ကျွန်တော် အသင်းကို နိုင်ပွဲ ၁၀၀ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပါပြီ။ နောက်ထပ်လည်း ယခုလို နိုင်ပွဲတွေ အပြင် ဆုဖလားများစွာ ရယူနိုင်အောင်လည်း ကြိုးစားသွားမှာပါ" ဟု ပြောသည်။**(အပေါ်ဝဲပုံ)(NGB)**

အဲလက်စ်ပရီးမန်းကို ခေါ်ယူရန် မန်စီးတီးအသင်း စိတ်ဝင်စား



လန်ဒန် နိုဝင်ဘာ ၃

မန်စီးတီးအသင်းသည် ဗီလာရီးရဲလ်အသင်း နောက်ခံကစားသမား အဲလက်စ်ဖရီးမန်းကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဗီလာရီးရဲလ်အသင်းနှင့်အတူ ၂၀၂၅-၂၀၂၆မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၃ပွဲကစားပြီး ၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်စီးတီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဗီလာရီးရဲလ်အသင်းကလည်း အဲလက်စ်ဖရီးမန်းအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် မန်စီးတီးအသင်း အနေဖြင့် ဆောင်းရာသီစျေးကွက်အတွင်းတွင် ဗီလာရီးရဲလ်အသင်း ထံမှ အဲလက်စ်ဖရီးမန်းကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ(အမှတ်ပေးလိဂ်အဆင့်)(ပွဲစဉ်-၄)ဇယား

နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	အချိန်	ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်)	နောက်ဆုံးတွေ့.ဆုံမှုရလဒ်
၅-၁၁-၂၀၂၆ ကြာသပတေးနေ့	နံနက်၀၁း၁၅နာရီ	AEK အောသင် - ဂီးရဲလ်မက်ဒရစ် (ဂရိ-၄) (စပိန်-၃)	———
〃	〃	ဗီနာဘာချီ - လီဘာပူး (တူရကီ-၆) (အင်္ဂလန်-၅)	———
၅-၁၁-၂၀၂၆ ကြာသပတေးနေ့	နံနက်၀၃း၃၀နာရီ	ဒေါ်မွန် - ဘက်တစ် (ဂျာမနီ-၂) (စပိန်-၄)	ဒေါ်မွန် ၂-၀ ဘက်တစ် (၁၀-၀-၂၀၁၅ ကလပ်အသင်းခြေစမ်းပွဲ)
〃	〃	ပေါ်တို - နာပိုလီ (ပေါ်တူဂီ-၁) (အီတလီ-၀)	ပေါ်တို ၀-၀ နာပိုလီ (၉-၀-၂၀၁၅ ကလပ်အသင်းခြေစမ်းပွဲ)
〃	〃	လန်စ် - ကိုပို (ပြင်သစ်-၉) (အီတလီ-၄)	———
〃	〃	ပီအက်စ်ဗွီ - ကလပ်ဘရူဂ်း (နယ်သာလန်-၃) (ဘယ်လ်ဂျီယံ-၁)	ပီအက်စ်ဗွီ ၁-၁ ကလပ်ဘရူဂ်း (၁၃-၇-၂၀၂၄ ကလပ်အသင်းခြေစမ်းပွဲ)
〃	〃	လိုက်ပဇစ် - မန်စီးတီး (ဂျာမနီ-၄) (အင်္ဂလန်-၂)	လိုက်ပဇစ် ၁-၃ မန်စီးတီး မန်စီးတီး ၃-၂ လိုက်ပဇစ်
〃	〃	ဆလာဗီယားပရက် - အာဆင်နယ် (ချက်-၁) (အင်္ဂလန်-၁)	ဆလာဗီယားပရက် ၀-၃ အာဆင်နယ် (၅-၁၁-၂၀၂၅ ချန်ပီယံလိဂ်ပွဲ)
〃	〃	ဗိုက်ကင်း - ဆာဘာဂ်ချ် (နော်ဝေ-၁) (အဇာဘိုင်ဂျန်-၂)	———

အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၄)

နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်	ယမန်နှစ်ရလဒ်
၅-၁၁-၂၀၂၆ နံနက်၀၃း၁၅နာရီ	ကာဒစ်ဖ် - ဝက်စ်ဟမ်း	ကာဒစ်ဖ် ၀-၂ ဝက်စ်ဟမ်း ဝက်စ်ဟမ်း ၀-၁ ကာဒစ်ဖ်
〃	ဝက်ရဟမ်း - မန်ဒယ်ဘရော့	———
၅-၁၁-၂၀၂၆ နံနက်၀၃း၃၀နာရီ	ဘရစ္စတိုး - ဝုလ်	ဘရစ္စတိုး ၁-၂ ဝုလ် ဝုလ် ၃-၃ ဘရစ္စတိုး

သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သည့် အခြေခံပညာကျောင်းများသို့ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ နိုဝင်ဘာ ၃

မိတ္ထီလာမြို့နယ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်သည့် အခြေခံပညာကျောင်းများသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သယ်ဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့်တာဝန်ရှိသူများ ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ထားသည့် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၄၅) အခြေခံပညာမူလတန်းကျောင်း (မင်းတဲကုန်း) တွင် Clean & Green School သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းနှင့် ကိုက်ညီသည့် လမ်းညွှန်ချက်များနှင့် သတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ထားမှု အခြေအနေများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယ်ဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဆက်လက်ဆောင်ရွက်ရန်လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်းသိရသည်။ **(၄၅၃)**



စားအုန်းဆီများ စျေးနှုန်းသက်သာစွာရောင်းချပေး

ကျွန်းလှ နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ပြည်သူများ စားအုန်းဆီများ စျေးနှုန်း သက်သာစွာ ဝယ်ယူစားသောက်နိုင်ရန်အတွက် ယနေ့ နံနက်ပိုင်းက ရှမ်းစုကျေးရွာ၌ ရောင်းချပေးသည်။

ထိုသို့ စားအုန်းဆီများ ရောင်းချပေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ ကြီးကြပ်ပြီး အိမ်ထောင်စု တစ်စုလျှင် ဆီတစ်ပိသာကို ငွေကျပ် ၉၆၀၁ နှုန်းဖြင့် ပြင်ပပေါက်စျေးထက် စျေးနှုန်းသက်သာစွာ ရောင်းချပေးခဲ့သည်။

ထို့အပြင် ဌာနဆိုင်ရာ ဝန်ထမ်းတစ်ဦးလျှင် ဆီတစ်ပိသာကို ငွေကျပ် ၉၆၀၁ စျေးဖြင့် စျေးချိုသာစွာလက်ဝယ် အရောက် ရောင်းချ ပေးလျက်ရှိကြောင်း သိရသည်။ **(၄၈၀)**

ပိုးခေါင်ရေရှားဘေးအကြောင်း သိကောင်းစရာအသိပညာပေး ဆွေးနွေးပွဲ (Talk Show) ကျင်းပ

တောင်တွင်းကြီး နိုဝင်ဘာ ၃

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် ပိုးခေါင်ရေရှားဘေးအကြောင်း သိကောင်းစရာ အသိပညာပေး ဆွေးနွေးပွဲ (Talk Show)ကို ယမန်နေ့ ညနေပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ အသိပညာပေး ဆွေးနွေးပွဲ (Talk Show) တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမြင့်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်မိုမိုဇင်တို့က မိုးခေါင်ရေရှားဘေးအကြောင်း၊ မိုးခေါင်ရေရှားဘေးအတွက် အဓိကဆောင်ရွက်ရမည့် အချက်များ၊ မိုးခေါင်ရေရှားဘေး ဖြစ်ပွားနေစဉ် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မိုးခေါင်ရေရှားဘေးနှင့်ပတ်သက်ပြီး ပြည်သူများ အဓိကသိသင့်သောအချက်များ စသည့်အကြောင်းအရာများနှင့် ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ မိုးခေါင်ရေရှားဘေးအကြောင်းသိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲ (Talk Show) အပြည့်အစုံကို တောင်တွင်းကြီးမြို့နယ် ပြည်သူ့စာကြည့်တိုက် page တွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဦးမျိုး(ဗိသနိုးမြေ)



အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေးခြင်း လက်ရှိရေသုံးစွဲမှုများ မြေပြင်ကွင်းဆင်းစစ်ဆေး

တံတားဦး နိုဝင်ဘာ ၃

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်မှုမရှိစေရေး အတွက် ရေခါးကျေးရွာသို့ လက်ရှိရေရှိရေ သုံးစွဲသည့်အခြေအနေများကို နိုဝင်ဘာ ၃ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းနှင့် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများသည် တံတားဦးမြို့နယ်အတွင်း ရေခါးကျေးရွာ၏လက်ရှိရေသုံးစွဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာရှိ ရေကော်မတီရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့်ဖြစ်ပေါ်လာနိုင်သည့် မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းများဖြစ်ပေါ်လာနိုင်သည့် အတွက် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးကို ကြိုတင်စုဆောင်းထားရှိရန်၊ ရေကို လေလွှင့်မှုမရှိအောင် စနစ်တကျ သုံးစွဲကြရန်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များကို ပြောကြားပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တံတားဦးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်နိုင်ခြေရှိသည့် ကျေးရွာများသို့ မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိစေရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက ပြောသည်။

(အပေါ်ဝဲပုံ)
အောင်ရဲကျော်

နို့စားနွားမွေးမြူရေးလုပ်ငန်းများသို့ အယ်လ်နီညိုအပူဒဏ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

ဝမ်းတွင်း နိုဝင်ဘာ ၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုအပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဝမ်းတွင်း မြို့နယ် နတ်ကန်(အရှေ့)ကျေးရွာနှင့် ထန်းပင်ကုန်းကျေးရွာရှိ နို့စားနွားမွေးမြူထားသည့် လုပ်ငန်းနေရာများသို့သွားရောက်၍ အသိပညာပေးခြင်းကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **(ယာဝုံ)**

ထိုသို့ ဆောင်ရွက်ပေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် မွေးမြူရေးကဏ္ဍအပေါ် အကျိုးသက်ရောက်နိုင်မှုများ၊ ရေနှင့်အစာကို ကြိုတင်သိုလှောင်ထားရှိရန်၊ ရောဂါကို ကြိုတင်ကာကွယ်ရန်၊ မွေးမြူရေးခြံ ဇီဝလုံခြုံမှုအား စနစ်တကျဆောင်ရွက်ရန်၊ ကြိုတင်ပြင်ဆင်ထားခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုများကို အနည်းဆုံးဖြစ်စေရေးနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက နို့စားနွားမွေးမြူရေးလုပ်ငန်းများတွင် သံသယဖြစ်ဖွယ် ရောဂါဖြစ်ပွားလာပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ သက်ဆိုင်ရာဌာနများနှင့် အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ပြောကြားပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဆက်လူ**



အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းအမှတ်(၁/၂၀၂၆)ဖွင့်လှစ်

ရပ်စောက် နိုဝင်ဘာ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ် မီးသတ်ဦးစီးဌာနမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၆)ကို နိုဝင်ဘာ ၂ ရက်နံနက် ၁၀ နာရီက မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က အရန်မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် လေ့ကျင့်ရေးမွမ်းမံသင်တန်းမှ ပို့ချပေးမည့်ပညာရပ်များကို စိတ်ပါဝင်စားစွာ လေ့လာသင်ယူကြရန်၊ မိမိရပ်ရွာအတွင်း မီးဘေးအန္တရာယ်ကြုံတွေ့လာပါက တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီဆောင်ရွက်နိုင်ရန်၊ စနစ်တကျ သင်ယူကြရန်မှာကြားခဲ့သည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင်များ၊ သင်တန်းနည်းပြများ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ သင်တန်းသား ၅၀ ဦး တက်ရောက်ကြပြီး သင်တန်းအား နိုဝင်ဘာ ၂ ရက်မှ ၂၇ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(၃၆၀)



အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ဒွေရတုအာစရိယပူဇော်ပွဲတွင် "စမ်းရေမိုး" နှင့် ကျောင်းသားဟောင်းအနုပညာရှင်များ ပျော်ပြေမည်

မန္တလေး နိုဝင်ဘာ ၃

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) တည်ထောင်ခြင်း ၂၅ နှစ်ပြည့် ဒွေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၅ ရက် ညနေ ၅ နာရီမှစတင်၍ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အာစရိယပူဇော်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး ပူးပေါင်းပါဝင်ကြရန် ဖိတ်ခေါ်ထားပြီး အစည်းအဝေးများသို့ လူကိုယ်တိုင်နှင့် အွန်လိုင်းမှတစ်ဆင့် တက်ရောက်နိုင်ခြင်းမရှိသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ သိရှိနိုင်ရန်နှင့် အကြံပြုချက်များပေးနိုင်ရန် ဌာနအလိုက် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ၏ အမည်စာရင်းကိုလည်း ပြုစုထားသည်။

ထို့အပြင် စီမံယာကျောင်းသား၊ ကျောင်းသူဟောင်းများထံ ဖုန်းဖြင့် ဆက်သွယ်ကာ အကြံဉာဏ်များရယူလျက်ရှိပြီး အာစရိယပူဇော်ပွဲနှင့်အတူ ဖျော်ဖြေရေးအစီအစဉ်များလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ဖျော်ဖြေရေးအစီအစဉ်တွင် 'စမ်းရေမိုး' နှင့်အတူ ကျောင်းသားဟောင်း အနုပညာရှင်များက အတီး၊ အမှုတ်၊ အကများဖြင့် ပါဝင်ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

၂၀၂၆ ခုနှစ် ဇွန် ၁၅ ရက်တွင် ပြုလုပ်ခဲ့သည့် အစည်းအဝေး၌ ကန်တော့ခံပုဂ္ဂိုလ်များအဖြစ် ၂၀၀၁ ခုနှစ်မှစတင်၍ တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် ၅၀ နှစ်ပြည့်ပြီးသော ဆရာ၊ ဆရာမများနှင့် အငြိမ်းစားယူပြီးဖြစ်သည့် ဆရာကြီး၊ ဆရာမကြီးများကိုသတ်မှတ်ခဲ့သည်။

လက်ရှိတွင် ဌာနအလိုက် ကန်တော့ခံပုဂ္ဂိုလ်များ၏ အမည်စာရင်းနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများထံမှ ကောက်ခံရရှိထားသည့် အလှူငွေစာရင်းများကိုလည်း ထုတ်ပြန်ထားကြောင်း သိရသည်။

ထို့အပြင် ဖျော်ဖြေပွဲများကို လာရောက်ကြည့်ရှုလိုသည့် ပြင်ပပရိသတ်များအတွက် ဝင်ခွင့်လက်မှတ်များကို A တန်းမှ F တန်းအထိ အဆင့်အလိုက်သတ်မှတ်ထားပြီး လက်မှတ်ရယူရန် စာရင်းပေးသွင်းလိုသူများအနေဖြင့် ဒေါ်မြင့်မြင့်လွင် ဖုန်း ၀၉-၂၅၃၈၀၂၈၃ နှင့် ဒေါ်မြင့်မြင့်အေးသိန်း ဖုန်း ၀၉-၇၉၇၃၃၇၇၈ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၆)

--*-*-*-*-*





အိမ်ခြံမြေအသင်းဝင် ၃၄၄ ဦးက ဆန္ဒအလျောက် အခွန်ငွေကျပ် ၁၃၇၆ သိန်း ပေးဆောင်

ဖြင်ဦးလွင် နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၌ မြန်မာနိုင်ငံအိမ်၊ ခြံ၊ မြေဝန်ဆောင်မှုအသင်းဗဟိုဥက္ကဋ္ဌ ဦးခင်မောင်သန်း ဦးဆောင်သော အသင်းဝင်များ၏ဆန္ဒအလျောက် အခွန်ပေးဆောင်ပွဲကို နိုဝင်ဘာ ၁ ရက်က ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခွန်ပေးဆောင်ပွဲတွင် ပြင်ဦးလွင်မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်သိဂီဝင်းက အသင်းဝင်များအနေဖြင့် မိမိတို့ရရှိသည့် ဝင်ငွေအပေါ် တာဝန်သိစိတ်ဖြင့် ဆန္ဒအလျောက် အခွန်ပေးဆောင်လာမှုအတွက် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံအိမ်၊ ခြံ၊ မြေဝန်ဆောင်မှုအသင်း ဗဟိုဥက္ကဋ္ဌက ဦးဆောင်သော အသင်းမှ အသင်းဝင် ၃၀၃ ဦးက ဝင်ငွေကြေညာလွှာများနှင့် အခွန်ငွေကျပ် ၁၂၇၁ သိန်းကို ပေးအပ်ခဲ့ပြီး ကျန်အသင်းနှစ်သင်းမှ အသင်းဝင် ၄၁ ဦးက ဝင်ငွေကြေညာလွှာများနှင့် အခွန်ငွေကျပ် ၁၀၅ သိန်းကို ပေးအပ်ခဲ့ကြသည်။

ထိုသို့ပေးအပ်ရာတွင် ပြင်ဦးလွင်မြို့နယ် အခွန်ဦးစီးဌာနမှူးက လက်ခံရယူခဲ့ပြီး အသင်းဝင်စုစုပေါင်း ၃၄၄ ဦးမှ ဝင်ငွေကြေညာလွှာများနှင့် အခွန်ငွေကျပ် စုစုပေါင်း ၁၃၇၆ သိန်းကို ဆန္ဒအလျောက် ပေးဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)(မန္တလေးနေ့စဉ်-၈)

ပြည်တွင်းစီးပါလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် MSME ချေးငွေများ လျှော်ကာထားနိုင်

မန္တလေး နိုဝင်ဘာ ၃

ပြည်တွင်းဝါလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME) ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ချေးငွေများ ထုတ်ချေးပေးလျက်ရှိသည်။

အဆိုပါချေးငွေများကို ဝါစေ့ဆီထုတ်လုပ်သည့် စက်များနှင့် ချည်မျှင်ထုတ်လုပ်သည့် စက်များ တည်ထောင်ခြင်း၊ လုပ်ငန်းတိုးချဲ့ခြင်းနှင့် ဈေးကွက်ချဲ့ထွင်ခြင်းတို့အတွက် ရည်ရွယ်ထုတ်ချေးပေးခြင်းဖြစ်သည်။

ချေးငွေလျှောက်ထားလိုသည့် ဝါလုပ်ငန်းရှင်များအနေဖြင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ MSME အေဂျင်စီရုံးများတွင် လျှောက်ထားနိုင်သည်။

ချေးငွေနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ဖုန်းပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဖုန်းပျိုးရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၂၉)၊ နေပြည်တော်၊ ဖုန်း ၀၆၇-၄၀၈၃၅၇ နှင့် ၀၆၇-၄၀၁၂၄၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(ဒဲပုံ)

ရွှေမန်း



မြန်မာ့ရိုးရာချိတ်ဒီဇိုင်းပြိုင်ပွဲနှင့် ပဲလွှာချိတ်ဒီဇိုင်းပြိုင်ပွဲ ဆုရရှိသူများ ရွေးချယ်ပြီးစီး

မန္တလေး နိုဝင်ဘာ ၃

ဧရာဝတီ-ယန်ဒီဖီ ရိုးရာယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးပွဲတော်တွင် ထည့်သွင်းကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာချိတ်ဒီဇိုင်းပြိုင်ပွဲနှင့် ဖဲလွှာချိတ်ဒီဇိုင်းပြိုင်ပွဲတို့၏ ဆုရရှိသူများကို ရွေးချယ်ပြီးစီးခဲ့ပြီး နိုဝင်ဘာ ၃ ရက်တွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အထည်အလိပ်နှင့် ယက္ကန်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်သန်းထံမှ သိရသည်။

အဆိုပါပြိုင်ပွဲကို အထည်အလိပ်နှင့် ယက္ကန်းလုပ်ငန်းရှင်များအသင်းက တာဝန်ယူကျင်းပခဲ့ခြင်းဖြစ်ပြီး လက်ကော်ချိတ်(အမြင့်လိုင်း) ပြိုင်ပွဲနှင့် ဖဲလွှာချိတ်ပြိုင်ပွဲဟူ၍ အမျိုးအစားနှစ်မျိုး ခွဲခြားကျင်းပခဲ့ရာ ဆန်းသစ်တီထွင်မှုအကောင်းဆုံးဆု၊ ဒီဇိုင်းလက်ရာအကောင်းမွန်ဆုံးဆု၊ ချည်နှင့်အရောင်လိုက်ဖက်မှုအကောင်းဆုံးဆု စသည့်ဆုများကို ချီးမြှင့်သွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များ၏လက်ရာများကို အကဲဖြတ်ရာတွင် ဒိုင်အဖွဲ့က သတ်မှတ်အမှတ်ပေးစည်းမျဉ်းများနှင့်အညီ အမှတ်ပေးခဲ့သည့်အပြင် ပြပွဲခန်းမအတွင်း ပြသထားသည့် ဒီဇိုင်းလက်ရာများအပေါ် လာရောက်ကြည့်ရှုသူများက Voting စနစ်ဖြင့် အမှတ်ပေးသည့်စနစ်ကိုလည်း ထည့်သွင်းအသုံးပြုခဲ့ကြောင်း ၎င်းက ပြောသည်။

လက်ကော်ချိတ်ပြိုင်ပွဲတွင် တိမ်ပန်းချီဒီဇိုင်း၊ ဧရာ-ယန်ဒီပန်းမြိုင်သီဒီဇိုင်းနှင့် တိမ်ပန်းနွယ်ဒီဇိုင်းတို့ကို ဆုရဒီဇိုင်းများအဖြစ် ရွေးချယ်ခဲ့ပြီး ဖဲလွှာချိတ်ပြိုင်ပွဲတွင် သုံးစင်းနွယ်ဒီဇိုင်း၊ မွှေ့သစ္စာဒီဇိုင်းနှင့် နဒီလှိုင်းဒီဇိုင်းတို့ကို ဆုရဒီဇိုင်းများအဖြစ် ရွေးချယ်ထားကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၈)



ဆောင်းဒါးရက်ကန်းသင်တန်းကျောင်းတွင် ရက်ကန်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချ

မန္တလေး နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းသင်တန်းကျောင်းတွင် မြန်မာ့ရိုးရာ ရက်ကန်းပညာ မပျောက်ပျက်စေရေးနှင့် ရက်ကန်းလုပ်ငန်းအတွက် ကျွမ်းကျင်လုပ်သားများ ပေါ်ထွက်လာစေရေး ရည်ရွယ်၍ ရက်ကန်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိသည်။

အဆိုပါသင်တန်းကျောင်းတွင် သင်တန်းသားများအား ရက်ကန်းစင်များအသုံးပြု၍ အထည်ရက်လုပ်ခြင်းဆိုင်ရာ လက်တွေ့သင်ကြားပို့ချမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး သင်တန်းသားများကိုယ်တိုင် ရက်ကန်းစင်များတွင် လက်တွေ့လေ့ကျင့်သင်ယူနေကြသည်။

ရက်ကန်းပညာသည် မြန်မာ့ရိုးရာလက်မှုအနုပညာတစ်ရပ်ဖြစ်သည့်အပြင် အထည်အလိပ်ထုတ်လုပ်ရေးလုပ်ငန်းနှင့်လည်း ဆက်စပ်နေသည့်အတွက် ရက်ကန်းပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးမှာ အရေးပါလျက်ရှိသည်။

ထို့ကြောင့် ဆောင်းဒါးရက်ကန်းသင်တန်းကျောင်းတွင် ရက်ကန်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချခြင်းသည် မြန်မာ့ရိုးရာရက်ကန်းပညာ ဆက်လက်ထိန်းသိမ်းရေးနှင့် ရက်ကန်းလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)ရွှေမန်း



ပုဒ္ဓဘာသာဆိုင်ရာ ကြည်ညိုမှုတ်သားဖွယ် သုတမှတ်စု(၁၀)

ဘုရားရှင်လေးဆူပွင့်သော သာရမဏ္ဍကမ္ဘာတွင် တတိယမြောက် ပွင့်တော်မူသည့် ရေဝတဘုရားရှင် ပရိနိဗ္ဗာန်စံပြီးနောက် ဆုတ်ကပ်လူသက်တမ်း ကိုးသောင်းအရောက်တွင် **သောဘိတ** ဘုရားရှင်ပွင့်တော်မူခဲ့သည်။

သောဘိတဘုရားအလောင်းဖွားမြင်တော်မူခြင်း

အလောင်းတော်သည် ပါရမီတို့ကို ဖြည့်ကျင့်အပြီး တုသိတာနတ်ပြည်၌ စံနေစဉ် နတ်ဗြဟ္မာတို့က ဘုရားဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်ကြောင်း တောင်းပန်ရာ နတ်ပြည်မှ စုတေ၍ လူပြည် သုမွေနေပြည်တော် သုမွေမင်းကြီး၏ အဂ္ဂမဟေသီသုဝဏ္ဏမိဖုရားကြီး ဝမ်းကြာတိုက်၌ ပဋိသန္ဓေနေတော်မူခဲ့သည်။ ဆယ်လလွန်သော် သုမွေဥယျာဉ်၌ မိုးတိမ်တိုက်မှ လပြည့်ဝန်းကြီး ထွက်ပေါ်လာသကဲ့သို့ မယ်တော်မင်းကြာတိုက်မှ ဖွားမြင်တော်မူခဲ့ကာ ဓမ္မတာအတိုင်း နိမိတ်ကြီးများထင်ပြီး အထူးအဲ့သြဖွယ်ရာမှာ ဖြစ်ပေါ်ခဲ့သည်။

ထီးနန်းစိုးစံတော်မူခြင်း

သောဘိတမင်းသား အရွယ်ရောက်သောအခါ **မဏိလာဒေဝီမင်းသမီး**နှင့် ရွှေလက်ထပ်၍ ထီးနန်းစိုးစံတော်မူခဲ့သည်။ တင့်တယ်လှပသော ကုမုဒ၊ နာဠိန၊ ပဒုမဟူသော နတ်ပြာသာဒ်သုံးဆောင်၌ မိဖုရားအမှူးရှိ ရံရွေတော်တို့၏ လုပ်ကျွေးမူကိုခံယူလျက် နှစ်ပေါင်းကိုးထောင် နတ်စည်းစိမ်နှင့်တူသော ချမ်းသာခံစား ထီးနန်းစိုးအုပ်မင်းလုပ်ခဲ့သည်။ အလောင်းတော်၏ သားတော်မှာ **သီဟမင်းသား** ဖြစ်သည်။

တောထွက်တော်မူခြင်း

အလောင်းတော်သည် ထီးနန်းစည်းစိမ်စံစားနေစဉ် မိဖုရားကြီးမှ သီဟမင်းသားကို ဖွားမြင်တော်မူသောအခါ နတ်တို့ဖန်ဆင်းပြသည့် နိမိတ်ကြီးလေးပါးကို မြင်တော်မူပြီး သံဝေဂဉာဏ်ရကာ နန်းတော်မှာပင် ရဟန်းပြုတော်မူသည်။ ဖော်ပြရေးသားပြီးခဲ့သည့် ဘုရားရှင်များတွင် ထူးခြားပါရမီတစ်မျိုး တွေ့ရှိရသည်။

အလောင်းတော်သည် ရဟန်းပြုပြီး အာနပါနဘာဝနာကို ပွား၍ စတုတ္ထဈာန်အရောက်တွင် နန်းတော်၌ပင် ဒုက္ကရစရိယာကျင့်တော်မူခဲ့သည်။ အလောင်းတော်သည် ဘုရားဖြစ်မည့် ကဆုန်လပြည့်နေ့၌ မဏိလာဒေဝီမိဖုရားကြီး လူဒါန်းသော နို့ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီးနောက်-

'ငါနေသောပြာသာဒ်သည် တန်ဆာဆင်မြှအတိုင်း လူအများကြည့်ရှုနေစဉ် ကောင်းကင်သို့ပျံတက်၍ ဗောဓိပင်ကို ဗဟိုထားပြီး ဖြေအပြင်သို့ သက်ပါစေသတည်း။ နန်းတွင်းသူ မင်း၊ မိန်းမတို့သည်လည်း ငါအလောင်းတော် ဗောဓိပင်အနီး၌ နေသည်ရှိသော် တစ်စုံတစ်ရာ မပြောဆိုရဘဲ ပြာသာဒ်မှ ထွက်ခွာသွားကြစေကုန်သတည်း'ဟု တောထွက်ဖို့ရန် စိတ်သန်အဓိဋ္ဌာန်ပြုတော်မူခဲ့သည်။

အလောင်းတော်အဓိဋ္ဌာန်ပြုသည်နှင့် နန်းပြာသာဒ်သည် ကောင်းကင်သို့ ပျံတက်ခဲ့ပြီး ကောင်းကင်အလယ်၌ အလွန်ထွန်းလင်းတောက်ပခဲ့သည်။ လူအပေါင်းတို့ ရင်သပ်ရှုမော ချီးကျူးခဲ့ကြ၏။ အလောင်းတော်၏ အင်္ဂါလေးပါးရှိသော စစ်တပ်ကြီးသည်လည်း နတ်စစ်တပ်ကြီးပမာ ရွှမငြိုးဖွယ် မြေအပြင်မှာကဲ့သို့ပင် ကောင်းကင်ပြင်မှာလည်း ပြာသာဒ်တော်ကို ဝန်းရံလိုက်ပါခဲ့သည်။ ပြာသာဒ်ကြီးသည် ကောင်းကင်ခရီးဖြင့် သွား၍ (၈၈)တောင်မြင့်သော မဟာဗောဓိကုဏ်ကော်ပင်ကို ဗဟိုပြုကာ မြေသို့သက်၍ တည်ခဲ့သည်။ မောင်းမအပေါင်းတို့သည် အလောင်းတော်က တစ်စုံတစ်ရာ မပြောဆိုရဘဲ ပြာသာဒ်တော်မှ သက်ဆင်းထွက်ခွာသွားခဲ့ကြသည်။ ဤသည်ကား တစ်စုံတစ်ရာ မပြောဆိုရဘဲ ပြာသာဒ်တော်မှ သက်ဆင်းထွက်ခွာသွားခဲ့ကြသည်။ ဤသည်ကား အလောင်းတော်တောထွက်ခြင်းပင်ဖြစ်သည်။'

ဘုရားဖြစ်တော်မူခြင်းနှင့် ဓမ္မစကြာတရားဦးဟောတော်မူခြင်း

သောဘိတဘုရားအလောင်းတော်သည် များစွာသော လူအပေါင်း ခြံရံလျက်ပင် ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံနေအရုဏ်တက်သည်နှင့် အာသဝက္ခယဉာဏ်ကို ရတော်မူကာ ဘုရားဖြစ်တော်မူခဲ့သည်။

သောဘိတဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး မဟာဗောဓိပင်အနီးမှာပင် သတ္တသတ္တာဟ-(၄၉)ရက် အရဟတ္တဖိုလ် ချမ်းသာစံတော်မူခဲ့သည်။ အဋ္ဌမသတ္တာဟသို့အရောက် တရားဟောရန် ဗြဟ္မာမင်းတောင်းပန်ခြင်းကို လက်ခံခဲ့ပြီး 'အဘယ်သူအား ရှေးဦးစွာ တရားဟောရပါအံ့နည်း' ဆင်ခြင်သော် ကိုယ်တော်မြတ် ၏ ဖတူမိကွဲညီတော်များဖြစ်သော အဿမမင်းသားနှင့် သုနေတ္တမင်းသားတို့ကို မြင်တော်မူခဲ့သည်။ ထိုအခါ ကောင်းကင်ခရီးဖြင့် တစ်ခဏချင်းကြွ၍ သုမွေဥယျာဉ်အတွင်း သက်ဆင်းတော်မူကာ မင်းသားနှစ်ဦးတို့ကို ဥယျာဉ်မှူးအား အခေါ်လွှတ်တော်မူခဲ့၏။ ထို မင်းသားနှစ်ဦးအခြံအရံများနှင့် ရောက်သောအခါ **အထက်ဘဝဂ် အောက်အဝီစိတိုင် မြားမြောင်လှသော လူနတ်ဗြဟ္မာသတ္တဝါတို့၏ အလယ်၌ ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောကြားတော်မူခဲ့သည်။ ဒေသနာတော်အဆုံး၌ မရေမတွက်နိုင်သော လူနတ်ဗြဟ္မာသတ္တဝါတို့ သစ္စာလေးပါးသိမြင်ခဲ့ကြကုန်၏။**

ဂေါတမဘုရားလောင်းတော်ဗျာဒိတ်ခံခြင်း

သောဘိတဘုရားရှင်လက်ထက်၌ ဂေါတမဘုရားအလောင်းတော်သည် သုဇာတပုဏ္ဏားဖြစ်၍ ဘုရားရှင်၏တရားကို ကြားနာပြီး သရဏဂုံတည်ခဲ့သည်ပြီးလျှင် ဘုရားအမှူးရှိ သံဃာတော်တို့အား ဝါတွင်းသုံးလလုံး ကြီးစွာသော အလှူဒါနပေးလှူခဲ့သည်။ သောဘိတဘုရားရှင်သည် သုဇာတပုဏ္ဏားအား 'နောင်အခါ ဘဒ္ဒကမ္ဘာ၌ ဂေါတမမည်သော ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်ပေးတော်မူသည်။ ဗျာဒိတ်ဓကားကြားရ၍ သုဇာတပုဏ္ဏားသည် အလွန်ဝမ်းမြောက်ခွာဖြင့် ဘုရားဖြစ်ရန် တိုးတက်ဝီရိယပြုတော်မူခဲ့သည်။

သောဘိတဘုရားရှင်၏ တပည့်သာဝကများ

-မြတ်သောတပည့်အစုံ (အဂ္ဂသာဝက)	= အရှင်အသမ မထေရ်နှင့်အရှင် သုနေတ္တ မထေရ်
-အလုပ်အကျွေးရဟန်းတော်	= အရှင်အနောမမထေရ်
-တပည့်အစုံ(အဂ္ဂသာဝိကာ)	= အရှင်မ နကုလာထေရီနှင့်အရှင်မ သုဇာတာ
-မြတ်သောအလုပ်အကျွေး ဒါယကာ(အဂ္ဂဥပဋ္ဌာက)	= ရမ္မသူဌေးနှင့် သုဒတ္တသူဌေး
-မြတ်သောအလုပ်အကျွေး ဒါယိကာမအစုံ	= နကုလ ဥပါသိကာမနှင့် စိတ္တာ ဥပါသိကာမ

ပွင့်တော်မူရာ ဗောဓိပင်ကား ကဲ့ကော်ပင်ဖြစ်သည်။ သောဘိတဘုရားရှင်၏ အရပ်တော်မှာ ငါးဆယ့်ရှစ်တောင်မြင့်၍ ထွန်းလင်းတောက်ပသော နေလုလင်ပမာ အလုံးစုံသော အရပ်မျက်နှာတို့ကို အလိုတော်ရှိသမျှ ကိုယ်တော်ရောင်ဖြင့် လွှမ်မင်းစွာ တင့်တယ်တော်မူသည်။

(ဓမ္မဘိသမယ)တရားပွဲကြီးများ

-သုဓမ္မဥယျာဉ်၌ ဓမ္မစက္ကပဝတ္တနသုတ် ဟောကြားတော်မူသော တရားပွဲသည် ရှေးဦးတရားပွဲ

-သုဒဿနမြို့တံခါးအနီး သခွပင်ကြီးအရင်း၌ ရေမီးအစုံတန်ခိုးပြာဋိဟာရ်ပြတော်မူပြီးနောက် တာဝတိံသာသို့ကြွကာ ပင်လယ်ကသစ်ပင်ရင်း ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်၌ အဘိဓမ္မာတရားဟောတော်မူသော တရားပွဲသည် ဒုတိယတရားပွဲကြီး။

- သုဒဿနမြို့၌ပင် ဇယသေနမင်းသားသည် တစ်ယူဇနာပမာဏရှိသော ကျောင်းတော်ဆောက်လုပ်၍ အရာမိနှင့်တကွသော ဇယသေနကျောင်းတော်ကြီးကို သောဘိတဘုရားရှင်နှင့် သံဃာတော်တို့အား လှူဒါန်းခဲ့သည်။ ထိုကျောင်းလွတ်ပူဇော်ပွဲကြီး၌ မဟာဒါနကို နှိုးမွှမ်းဟောကြားသော တရားပွဲသည် တတိယ(ဓမ္မဘိသမယ)တရားပွဲ

အထက်ပါ တရားပွဲကြီးများ၌ နတ်ဗြဟ္မာများသာမက လူနတ်သတ္တဝါတို့ ကုဋေကိုးသောင်းမှသည် မရေမတွက်နိုင်သည်အထိ သစ္စာသိ ကျွတ်တမ်းဝင်ခဲ့ကြသည်"။

သာဝက(သန္နိပါတ)အစည်းအဝေးကြီးများ

-သုနန္ဒမြို့၌ ဥဂ္ဂတမင်းသည် သုနန္ဒရာမကျောင်းတော်ကြီး တည်ဆောက်၍ ဘုရားအမှူးရှိ သံဃာတော်တို့အား လှူဒါန်းခဲ့သည်။ ထိုကျောင်းလွတ်အလှူပွဲတွင် ဗဟိဘိက္ခုရဟန်းဖြစ်ကြသည့် ရဟန္တာပေါင်း ကုဋေတစ်ရာတို့ အလယ်၌ သောဘိတဘုရားရှင် ပါတိမောက်ပြတော်မူခြင်းသည် ရှေးဦးသာဝက(သန္နိပါတ)အစည်းအဝေး။

-မေခလမြို့ ဓမ္မဂဏခေါ် သူတော်ကောင်းအသင်းကြီးသည် ဓမ္မဂဏာရာမမည်သော ကျောင်းတိုက်ကြီးကို တည်ဆောက်ကာ ဘုရားအမှူးရှိ သံဃာတော်တို့အား ပရိက္ခရာမျိုးစုံနှင့် လှူဒါန်းခဲ့သည်။ ထိုကျောင်းအလှူပွဲ၌ ဗဟိဘိက္ခုရဟန္တာပေါင်း ကုဋေကိုးဆယ်စည်းဝေးမိခဲ့သည်။ ထိုအစည်းအဝေး၌ သောဘိတဘုရားရှင် ပါတိမောက်ပြတော်မူခြင်းသည် ဒုတိယသာဝက(သန္နိပါတ)အစည်းအဝေး။

-သောဘိတဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားဟောတော်မူခဲ့ပြီး ဝါကျွတ်၍ ပဝါရဏာပြုတော်မူရန် နတ်ဗြဟ္မာတို့ ခြံရံလျက် လူပြည်သို့ ဆင်းတော်မူခဲ့သည်။ လူပြည်ရောက်ပြီး ရဟန္တာပေါင်း ကုဋေရှစ်ဆယ်နှင့်တကွ အင်္ဂါလေးပါးရှိသော ပဝါရဏာပြုသည့် အစည်းအဝေးသည် သုံးကြိမ်မြောက် သာဝက(သန္နိပါတ)အစည်းအဝေး။

ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းနှင့် ဓာတ်တော်များ တည်ရှိခြင်း

သောဘိတဘုရားရှင်သည် သက်တမ်းကိုးသောင်းတည်လျက် များစွာသော သတ္တဝါတို့ကို ကယ်တင်တော်မူခဲ့သည်။ ကျွတ်တမ်းမဝင်ရောက်ကြကုန်သေးသော ဝေနေယျသတ္တဝါတို့အား တစ်ကြိမ်ဆုံးခြင်း၊ အကြိမ်ကြိမ်ဆုံးခြင်း ပေးတော်မူပြီး မီးသည် ထွန်းတောက်ပ၍ ငြိမ်းသွားသကဲ့သို့ တပည့်သာဝကများနှင့်တကွ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။

သောဘိတဘုရားရှင်သည် ပရိနိဗ္ဗာန်စံဝင်ခါနီးတွင် အလုံးစုံသော သတ္တဝါတို့ နတ်ရွာနိဗ္ဗာန်ရောက်ကြစေရန် ဓာတ်တော်များ အစိတ်အစိတ်အမြွှာမြွှာ ကွဲပြားစေရန် အဓိဋ္ဌာန်တော်မူခဲ့ပြီး သီဟဥယျာဉ်တော်ကြီး၌ ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။ ဘုရားရှင်၏ ဓာတ်တော်တို့သည် ဖမူဒိတ်ဂျွန်း၀တစ်ခွင်၌ ပျံ့နှံ့တည်ရှိကုန်၍ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူခဲ့လေသည်။

ဂေါတမအလောင်းတော်သစ္စာပါရမီကို ဖြည့်ကျင့်တော်မူခြင်း

အလောင်းတော် သစ္စာသမ္ဘောဓိဉာဏ်ရင့်သန်စေရန် သစ္စာပါရမီကိုလည်း ဖြည့်ကျင့်ခဲ့သည်။ အောက်ပါဖြစ်တော်စဉ်များကို ကြည့်၍ အလောင်းတော်၏သစ္စာပါရမီဖြည့်ကျင့်မှုမှာ ကြည်ညိုဖွယ်ပင်ဖြစ်သည်။

သစ္စမည်သော ရသေ့ဘဝက သစ္စာစကားဖြင့် လောကကို စောင့်ရှောက်ခဲ့သည်။ လူအပေါင်းကို ညီညွတ်အောင်ပြုခဲ့သည်။ ဤသို့အားဖြင့် သစ္စာပါရမီကို ဖြည့်ကျင့်ခဲ့၏။

အတောင်အလက်မခံသေးသော ငှဲငယ်ဖြစ်စဉ်က အိမ်အဖတို့နှင့် အသိုက်၌ ရှိနေစဉ် တောမီးအလျှံတပြောင်ပြောင် တောက်လောင်လာခဲ့သည်။ အိမ်အဖတို့မှာ အသက်ဘေးကြောင့် အလောင်းတော်ကို စွန့်ပစ်ပြေးခဲ့ကြ၏။ အလောင်းတော်ငှဲငုင်ငယ်သည် သီလဂုဏ်၊ သစ္စာဂုဏ်ကို အာရုံပြုကာ ရှေးဘုရားရှင်တို့ကို အောက်မေ့လျက် **'ငါ့အား အတောင်တို့သည် ရှိပါ၏။ သို့သော် မပျံနိုင်ကုန်။ ခြေတို့သည် ရှိပါကုန်၏။ မသွားနိုင်ကုန်။ အမိအဖတို့သည် သေဘေးကြောင့် ပြေးကြကုန်ပြီ။ ဤမှန်သောသစ္စာစကားကြောင့် တောမီးသည် နောက်သို့ ပြန်ဆုတ်ပါစေ'**ဟု သစ္စာပြုသည့် ဧဏ္ဍီတောမီးသည် ငြိမ်းခဲ့၏။ ကပ်ကမ္ဘာကာလ အခါသမယပတ်လုံး မပျက်မပြုန်း တည်နေမည့် သစ္စာပါရမီပါတည်း။

ငါးမင်းဘဝက နွေအပူကြောင့် ရေအိုင်ရှိ ရေတို့ ခန်းကုန်၏။ အလောင်းတော်၏ ဆွေတော်မျိုးတော်တို့ကို ကိုးစသော သတ္တဝါတို့သည် သတ်ဖြတ်စားသောက်ကြ၏။ အလောင်းတော်သည် ငှင်းနှင့်တကွ ဆွေတော်မျိုးတော်တို့အကျိုးငှာ 'ငါသည် မိမိကိုယ်ကို အောက်မေ့နိုင်သောအခါ၊ သံကြားလိမ္မာသူ၏ အဖြစ်သို့ ရောက်သောအခါမှစ၍ စောနာဖြင့် တစ်ဦးတစ်ယောက်သော သတ္တဝါကိုမျှ မညှဉ်းဆဲခဲ့ဘူးပါ။ ဤမှန်သော သစ္စာစကားကြောင့် မိုးသည် ရွာသွန်းပါစေ'ဟု သစ္စာပြုခဲ့ရာ ဧဏ္ဍီပင် မိုးရွာသွန်းခဲ့သည်။ ဤကား အလောင်းတော်၏ သစ္စာပါရမီပင်ဖြစ်သည်။

ကဏ္ဍဒီပါယန ရသေ့ဘဝက အနန်စင်းဆယ်ကျော့ မပျော်မွေ့ဘဲ ရသေ့ဘဝနေခဲ့သည်။ တစ်နေ့ လူဘဝက အဆွေဖြစ်ခဲ့သော ပုဏ္ဏားလင်မယားသည် သားငယ်နှင့်အတူ အလောင်းတော်၏ ကျောင်းသခင်မိုးသို့ ရောက်ခဲ့၏။ ယခုပဒတ္တမည်သော ထိုသားငယ် ဆော့ကစားစဉ် မြွေကိုကိုက်ခံရ၏။ ထိုအခါ အလောင်းတော်သည် 'ငါသည် ရသေ့ဘဝဖြင့် (၇)ရက်မျှသာ ကုသိုလ်ကို အလိုရှိ၍ ရသေ့အကျင့်ကို ကျင့်ခဲ့၏။ ရသေ့ဘဝဖြင့် မျော်မွေ့၏။ ထို့မှ နောက် အနန်စင်းဆယ်ပတ်လုံး အလိုမရှိဘဲ ရသေ့အကျင့်ကို ကျင့်ခဲ့ရ၏။ ရသေ့ဘဝဖြင့် မပျော်ပိုက်ခဲ့။ ဤမှန်သော သစ္စာစကားဖြင့် ကလေးသည် မြွေဆိပ်ပြေပါစေသတည်း။ ချမ်းသာရာ ရပါစေသတည်း' ဟု သစ္စာပြုခဲ့သည်။

ထိုခဏ၌ပင် ကလေးသည် မြွေဆိပ်ကျ၍ ချမ်းသာရာရခဲ့သည်။ အလောင်းတော်သည် ပုဏ္ဏားတို့၏ ကြည်ညိုမှု လာဘသက္ကာရကို မငဲ့ကွက်၊ ရသေ့ဘဝ၌ မပျော်ပိုက်သည်ကို အမှန်အတိုင်းပင် သစ္စာစကားရဲဝံစွာ ဆိုခဲ့သည်။

သုတသောမမင်းသားဘဝကလည်း ပေါရိဿဒ၏ ဖမ်းယူခြင်းကို ခံခဲ့ရသည်။ ပေါရိဿဒသည် အလောင်းတော်ကို 'သူထံပြန်လာ၊ မလာ သဘောအတိုင်း ပြုပါ'ဟု ပြောသည်အခါ အလောင်းတော်က 'ပြန်လာမည်'ဟု ဝန်ခံပြောဆိုခဲ့သည်။ အလောင်းတော်သည် မိမိနန်းစိုက်ရာ ဂ္ဂန္ဓပတ္တမြို့သို့ပြန်၍ မယ်တော်၊ ခမည်းတော်တို့အား မင်းအဖြစ်ကို အပ်နှင်းကာ ပေါရိဿဒက အလောင်းတော်အား သတ်မည်၊ မသတ်မည်ကို မစဉ်းစားဘဲ 'ပြန်လာမည်'ဟု ဝန်ခံခဲ့သည့် စကားအတိုင်းသာ ပေါရိဿဒထံ ပြန်သွားခြင်းဖြင့် အလွန်မြတ်သော သစ္စာပါရမီကို ဖြည့်ကျင့်ခဲ့လေသည်။

ကျမ်းကိုး။ ။ နှစ်ကျိပ်ရှစ်ဆု ဗုဒ္ဓဝင်၊ ဓမ္မဗိမာန်ကျမ်းစာအမှတ်(၄)

ရေချမ်း-မန်း

စာအုပ်စင်ကဏ္ဍ

ဖော်ညွှန်းသိ

စာအုပ်အမည် - ကုံကော်မြိုင်စာတမ်း
စာရေးသူ - ကလောင်ခုံ
ထုတ်ဝေသည့်စာပေတိုက် - ရာပြည့်စာပေတိုက်
တန်ဖိုး - ၅၀၀၀ ကျပ်
စာမျက်နှာ - ၁၅၅ မျက်နှာ
ထုတ်ဝေသည့်ကာလ - ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (ပဉ္စမအကြိမ်)

၁၉၆၄ ခုနှစ်က စတင်ထုတ်ဝေခဲ့သော စာအုပ်ဖြစ်ပြီး ပုဂံစာအုပ်တိုက်မှ နှစ်ကြိမ်၊ ၁၉၇၈ ခုနှစ်တွင် ဦးမင်းနောင်စာပေမှ တတိယအကြိမ်၊ ၁၉၉၇ ခုနှစ်တွင် ခရမ်းရောင်စာစဉ်မှ စတုတ္ထအကြိမ်(၂၀၁၂ ခုနှစ်တွင် ရာပြည့်စာအုပ်တိုက်မှ ပဉ္စမအကြိမ်)အဖြစ် ပြန်လည်ရိုက်နှိပ် ဖြန့်ချီခဲ့သည်။

ဆရာဇော်ဂျီ၏ မိတ်ဆက်အမှာစာနှင့်အတူ စာတမ်း(၂၆) ပုဒ်ကို စုစည်းထားသည်။ စာအုပ်တွင် ဆရာဇော်ဂျီ၏ နွေဦးကျက်သရေ၊ ကဗျာဝိုင်း၊ စာဝိုင်းနှင့် ကျွန်တော်၊ ပုဂံမြို့ဟောင်းနှင့် ကျွန်တော်၊ ဆရာမင်းသုဝဏ်၏ အိုးစည်သံ၊ အလွမ်းရယ်တဲ့ ၁၂ ထွေ၊ လူလည်းတထွေ ရေလည်း တခြား၊ ဆရာနွယ်စိုး၏ ကုသိုလ်ဆက်၊ စိမ်းလန်းသော တောင်ကုန်းများ၊ ဆရာတိုက်စိုး၏ သုခုမ၊ ဇော်ဂျီနှင့် နှုတ်ခမ်းဆိုးဆေး၊ နေဝင် မြင်သည် ဝရွေပြည်၊ ဆရာမင်းယုဝေ၏ တစ်နှစ်တစ်ခါ၊ ပိုင်ဆိုင်ခြင်း ဦးရာကျော်ကောင်းမှူ၊ ဆရာအောင်သင်း၏ အနီးအဝေး၊ ချိုတကူး နှင့် ဂုဏ်ရည်မတူ ရွှေယုန်နှင့် ရွှေကျား၊ ဆရာ တက္ကသိုလ်ဝင်း မွန်၏ ဗမာစွန်၊ မိဖြူ၊ ဆား ဒယ်၊ ဆရာမောင်ဇော်၏ နံနက်စောစော၊ သိင်္ဂါရ ရသ၊ ဆရာတင့်မိုး၏ သခ်ၤိုင်းကုန်းမှာ၊ ဆရာမောင်ဖေသန်း၏ ထင်းရှူးပင်ထက်သို့တက်သော ကျီးကန်းတကောင်၊ ဆရာမြသန်းတင့်၏ ကြာဖူးတစ်ပွင့်၊ ဆရာမ ခင်ဝမ်းမြေ၏ ဘဝသီချင်း

(၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရွှေယင်မျှော်စေတီတော်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



သာစည် နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက (၃၈)နှစ်မြောက် ဌာနနှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီက ရွာကြီးကျေးရွာအနီးရှိ ကျော်လေးဆူသမိုင်းဝင် ရွှေယင်မျှော်စေတီတော်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဦး၏ ဦးဆောင်မှုဖြင့် မြို့နယ်ရုံးရှိ အရာထမ်း၊ အမှုထမ်းများနှင့် ရပ်ကွက်၊ ကျေးရွာ စာရေးဝန်ထမ်းများက ဘုရားကြီး ရင်ပြင်တော်၊ ဘုရားကြီးဝင်း အတွင်းရှိ သာသနိကအဆောက်အအုံများနှင့် စောင်းတန်းများတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကာ ဘုရားကြီးအနီး ဗုဒ္ဓခြေတော်ရာကန်တော်ရှိငါးများကို ငါးစာကျွေးကာ ကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ) (၄၈၇)



အမျိုးသမီးရေးရာအပွဲ့ ရွှေဂူပရဟိတမူလတန်းလွှင့်ကျောင်းသို့ ဆန်၊ ဆီ၊ ဆား၊ ပဲဝါလေးများ ကပ်လှူ

ညောင်ဦး နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂ ရက် နံနက် ၁၀ နာရီက အမှတ်(၇)၊ ဝက်ကြီးအင်းရပ်၊ ရွှေဂူပရဟိတမူလတန်းလွှင့်ကျောင်း၌ ဆန်၊ ဆီ၊ ဆား လူဒါန်းခြင်းနှင့် နွေဆွမ်းကပ်လှူခဲ့သည်။

ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာဟိန်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ရွှေဂူမိဘမဲ့ပရဟိတမူလွှန်ကျောင်းရှိ ဆရာတော်၊ သံဃာတော်များ စိတ်အေးချမ်းသာစွာစာပေသင်ကြားနိုင်ရေး ဆန်၊ ဆီ၊ ဆား၊ ပဲဝါလေး၊ မုန့်ခြင်း၊ ဝတ္ထုဌေများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဒေါက်တာ အရှင်ဓမ္မိန္ဒနှင့်ရဟန်း၊ သာမဏေများအား နွေဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၁)

ဆုတောင်းပြည့်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းသပိတ်အလုံး ၁၀၀၀ လောင်းလှူပွဲကျင်းပ

မုံရွာ နိုဝင်ဘာ ၃

မုံရွာမြို့၊ ဆုတောင်းပြည့်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းသပိတ်အလုံး ၁၀၀၀ လောင်းလှူပွဲကို နိဝင်ဘာ ၃ရက် သီတင်းကျွတ်လပြည့်ကျော် ၈ ရက် နံနက်ပိုင်းက မုံရွာမြို့သူ မြို့သားများ စုပေါင်းကျင်းပခဲ့သည်။

'အခုနှစ်မှ ဆွမ်းသပိတ်အလုံး ၁၀၀၀ လောင်းလှူပွဲလုပ်တာပါ။ အရင်နှစ်တွေကတော့ ပွဲအထိမ်းအမှတ် သပိတ်အလုံး ၅၀၀ လောင်းလှူတာမျိုးလုပ်ခဲ့တာပါ။ အခုနှစ်ကတော့ ဘုရားပွဲဈေးကိုလည်း ပြန်လည်ဖော်ထုတ်ကြတော့ ဒေသခံတွေနဲ့ အနီးနားရှိ ဒေသများက ဘုရားပွဲတော်လာရောက်သူတွေ အတော်များပါတယ်'ဟု ဆွမ်းလောင်းပွဲသို့ သပိတ်လာပို့သူ မုံရွာမြို့ခံတစ်ဦးက ပြောသည်။

မုံရွာမြို့၊ ဆုတောင်းပြည့်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ရှေးယခင်ကတည်းက နှစ်စဉ် ကျင်းပပူဇော်ခဲ့ကြရာ ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် ကိုစစ်ဖြစ်ပြီးနောက် ပိုင်းမှစတင်၍ ဖဒုန်ကြာရပ်နားခဲ့ရာမှ ယခုနှစ်တွင် ယခင်ကလို ပွဲဈေးတန်းများ ပြန်လည်ကျင်းပခြင်းဖြစ်ရာ မုံရွာမြို့ခံများနှင့် အနီးအနားရှိ ဒေသများမှ ဘုရားပွဲလာရောက်သူများ အထူးစည်ကားနေခြင်းဖြစ်သည်။



ဘုရားပွဲတော်ရက်သည် ယခင်သီတင်းကျွတ်လပြည့်ကျော် ၅ ရက်မှ လပြည့်ကျော် ၁၅ရက် အထိ ၁၀ရက်ကြာကျင်းပခြင်းဖြစ်သော်လည်း ယခုအခါ သီတင်းကျွတ်လပြည့်နေ့မှ စတင်ကျင်းပကြရာ ၁၅ ရက်ကြာ ကျင်းပနေခြင်းဖြစ်သည်။

'မုံရွာခရိုင်ထဲက ဒေသထွက်ကုန်တွေကို ဘုရားကြီးပွဲမှာ ဝယ်လို့ရခဲ့ပေမယ့် အခုတော့ အဲဒီဆိုင်တွေမတွေ့ရတော့ဘူး။ ဘုရားကြီးပွဲဈေးတန်းမှာစားစရာတွေ အဝတ်အထည်တွေ များတာပါ။ ကလေးကစားစရာပစ္စည်းဆိုတော့ မရှိသလောက်နည်းသွားတယ်'ဟု ပွဲဈေးလာသူကပြောပြကြောင်း သိရသည်။ **(အပေါ်ပုံ) (၃၉၄)**

(၈၁)ကြိမ်မြောက် သွေးလှူဒါန်း

မန္တလေး နိုဝင်ဘာ ၃

မန္တလေး မဟာအောင်မြေမြို့နယ် မဟာအနော်ရထာပွဲကွက် အကွက်(၅၁၃)၊ အမှတ်(၄၉၁)၊ ၈၄လမ်းနှင့်၄၁လမ်းထောင့်၊ မင်းစံရပ်နေ ဦးမောင်မောင်လှိုင်(မျက်ကြည်လွှာ)အလှူရှင်သည် ယနေ့နံနက်ပိုင်းက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲ၌ (၈၁)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(ကဆ)





ပုသိမ်ကြီးမြို့နယ်လုံးဆိုင်ရာ ဘုံဆွမ်းလောင်းပွဲကျင်းပ

ပုသိမ်ကြီး နိုဝင်ဘာ ၃

မန္တလေး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့မရပ်ကွက်၊ ချမ်းသာလှ ချမ်းမြေအေးဘုရားရင်ပြင်တွင် နိုဝင်ဘာ ၃ ရက် နံနက် ၇ နာရီက စတင်ကာ မြို့လုံးဆိုင်ရာ ဘုံဆွမ်းလောင်းပွဲကျင်းပခဲ့သည်။

အဆိုပါ ဘုံဆွမ်းလောင်းပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်းနှင့် ဇနီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းနှင့်ဇနီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အတွင်းရေးမှူး ဦးဘိုဘိုဝင်းနှင့် ပါတီဝင်များ၊ ဘုရားဂေါပက အဖွဲ့များ၊ အလှူရှင်များက သံဃာတော်အပေါ်း ၂၀၀ ကျော်အား ဆွမ်းခဲဖွယ်နှင့် ဝတ္ထုဌေ၊ လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။**(အပေါ်ဝဲပုံ) (ရွှေရနံကင်း)**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီး-ကန်ပတ်လမ်းရှိ စီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင်၊ မန္တလေးမြို့နေ ဦးကျော်ဦမိုး+ဒေါ်နုနုစိန်(စိန်ကျော်မိုး)မိသားစုမှ ကျောက်ကပ်ဆေးနေသော သံဃာ၊ သီလရှင် အပေါ်း ၂၀ အတွက် အလှူငွေကျပ် ၁၀ သိန်း လူဒါန်းရာ စီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးလှထွေး၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်၊ ဦးယုတင်တို့မှ လက်ခံရယူစဉ်။ **(ကဆ)**



ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းသို့ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ မှ ကြမ်းခင်းဖော့ချုပ်ပြားများပေးအပ်လှူဒါန်း

လားရှိး နိုဝင်ဘာ ၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ လူမှုဝန်ထမ်းဦးစီးဌာန၏ တည်ထောင်ခွင့်ပြုမိန့်ရ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းသို့ ကြမ်းခင်းဖော့ချုပ်ပြားများ ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့က အဆိုပါကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် လားရှိုးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့ဝင်းက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းတွင် ခင်းကျင်းအသုံးပြုနိုင်ရေးအတွက် လေးချပ်ပါ ကြမ်းခင်းဖော့ချုပ်ပြား စုစုပေါင်း ၄၀ ထုတ်အား ပေးအပ်လှူဒါန်းခဲ့ရာ အဆိုပါကျောင်းမှ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ထို့နောက် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့ဝင်းနှင့်



တာဝန်ရှိသူများက မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

လူမော်(ပြန်/ဆက်)

o-o-o-o-o-o-o

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေး မြေပြင်ကွင်းဆင်းစစ်ဆေး

နွားထိုးကြီး နိုဝင်ဘာ ၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပဒေါင်းနှင့် ကြီးကြီးကျေးရွာတို့တွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက မြို့နယ်ကျေးလက်ဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နွားထိုးကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းနှင့် ကျေးရွာများမှ ရပ်မိ၊ ရပ်ဖများနှင့်အတူ ပဒေါင်းနှင့် ကြီးကြီးကျေးရွာတို့ရှိ မြေသားမိုးရေလှောင်ကန်များတွင် ရေသိုလှောင်ထားရှိမှုနှင့် လက်ရှိ ရေသုံးစွဲမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။



ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့သည် ကျေးရွာရေရှိရေးကော်မတီဝင်များ၊ ရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံကာ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း မိုးရွာသွန်းမှုမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးမှုနှင့် အခြားဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်နိုင်သဖြင့် သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရန် ရေကိုကြိုတင်စုဆောင်းထားရှိရန်၊ ရေကို စနစ်တကျသုံးစွဲကြရန်၊ အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေးနှင့် ဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်ရမည့်အချက်များနှင့် ဆောင်ရန်၊ ရှောင်ရန် အချက်များအား ဆွေးနွေးခဲ့ကြောင်း နွားထိုးကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံက သိရသည်။ **(ဝဲပုံ)**

ချစ်ဦးကို



ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်လပြည့်မှ တစ်နှစ်ခွဲအောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများထိုးနှံ

စဉ့်ကိုင် နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၌ မြို့ပေါ်(၅)ရပ်ကွက်မှ အသက်နှစ်လပြည့်မှ တစ်နှစ်ခွဲအောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနတွင် ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ပုံမှန်ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် မြို့နယ်ကျန်းမာရေးဌာနမှဝန်ထမ်းများက အသက်နှစ်လပြည့်မှ တစ်နှစ်ခွဲအောက်ကလေးငယ်များကို (ဘီစီဂျီ) ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ (ရိုတာ)ပိုလီယိုပြင်းထန်အဆုတ်ရောင်၊ (ပီစီဗီ) ဝက်သက်ကျိုက်သိုး၊ ကျပန်ဦးနှောက်ရောင်ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ ကာကွယ်ဆေးများကို အသက်အရွယ်အလိုက် ထိုးနှံပေးရာတွင် ပုံမှန်ကာကွယ်ဆေးလာရောက်ထိုးနှံသော အသက်နှစ်လပြည့်မှ တစ်နှစ်ခွဲအထိ ကလေးငယ် ၄၇ ဦးနှင့် မေနိုင်ကာကွယ်ဆေးကို ကိုယ်ဝန်ဆောင်မိခင် ၃၄ ဦးတို့အား ထိုးနှံပေးခဲ့ကြသည်။ မြို့နယ်အနေဖြင့် ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများကို လစဉ် လဆန်း ၁ ရက်မှ ၅ ရက်အထိ ပုံမှန်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **(အပေါ်ပုံ)**

ကျော်စွာ(စဉ့်ကိုင်)

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၈က ၁၉၉၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

ကန့်ဘလူ နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၈က ၁၉၉၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများ ဆီထွက်သီးနှံထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် အထွက်ကောင်းမျိုးကောင်းမျိုးသန့်များ သုံးစွဲရေး၊ စိုက်နည်းစနစ်မှန်ကန်ရေးနှင့် ဒေသထွက်မြေဩဇာ အချိုးကျသုံးစွဲနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ထို့ပြင် ဆီထွက်သီးနှံများ စီးပွားဖြစ်စိုက်ပျိုးနိုင်ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ဆောက်ဆုံးပေါ် နည်းပညာများ ရယူသုံးစွဲနိုင်ရေးအပြင် ဈေးကွက်ဝင် ဆီထွက်သီးနှံများကို စိုက်ပျိုးကြရန်နှင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု ထိခိုက်ပျက်စီးမှုမရှိစေရေး၊ စိုက်ပျိုးရေး လေလွင့်ဆုံးရှုံးမှုမရှိစေရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေး စည်းရုံးဆောင်ရွက်လျက်ရှိသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံများ လျာထားစိုက်ပျိုးမှုအနေဖြင့် မြေပဲ ၉၄၉၂၅ ဧက၊ နှမ်း ၉၅၇၁၅ ဧက၊ ပန်းနှမ်း ၅၅၈၃ ဧက၊ မုန့်ညင်း ၅၀၂ ဧကနှင့် နေကြာ ၃၀၀၁ ဧက စုစုပေါင်း ၁၉၉၇၂၆ ဧက စိုက်ပျိုးမည်ဖြစ်ပြီး ဒေသတွင်းသာမက ပြည်တွင်းစားသုံးမှုဖူလုံစေရေး အတွက် သက်ဆိုင်ရာမိတ်ဖက် ဌာနများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

အောင်ဝင်းဦမိုး(ကန့်ဘလူ)

ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး



အောင်လံ နိုဝင်ဘာ ၃

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ထောက်ပံ့ငွေနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် စမ်းကလေး(ရေတွင်းစု)ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားရီလက်မ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ထောက်ပံ့ငွေကျပ် ၁၅ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၃၆ သန်း၊ စုစုပေါင်းငွေကျပ် ၅၁ သန်းဖြင့် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသား၊ ကျေးရွာသူများကိုယ်တိုင် အောက်တိုဘာ ၈ ရက်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းဆောင်ရွက်ခြင်းကြောင့် ကျေးရွာရှိ အိမ်ခြေ ၂၄၀ အိမ်မှလူ ၈၁၆ ဦးအတွက် ရာသီမရွေးလမ်းပန်းဆက်သွယ်ရေး အဆင်ပြေပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာကြောင်း အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အထွေး(ကျေးလက်)

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၆) ဖွင့်လှစ်

နမ့်စန် နိုဝင်ဘာ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနအနေဖြင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ တိုးပွားရေးအတွက် လေ့ကျင့်ရေး သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၂၆)ကို ဝမ်ပိန်းကျေးရွာအုပ်စု၊ ပန်လင်းဆိုင်ကျေးရွာရှိ ခန်းမတွင် ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းက သင်တန်းဖွင့်အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ရှမ်းပြည်နယ်မီးသတ်ဦးစီးမှူးရုံးက ထောက်ပံ့ပေးအပ်သည့် အရန်မီးသတ်တပ်ဖွဲ့များအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ပေးအပ်ခဲ့ရာ သင်တန်းသားများက ကိုယ်စား သင်တန်းသားခေါင်းဆောင်က လက်ခံရယူခဲ့သည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၂ ရက်မှ ၂၇ ရက်အထိ ဖွင့်လှစ်၍ မီးသတ်တပ်ဖွဲ့၏အခန်းကဏ္ဍ၊ မီးဘေးအန္တရာယ်အပါအဝင် ဖြစ်ပွားတတ်သော ဘေးအန္တရာယ်များအကြောင်းနှင့် အခြေခံမီးသတ်ပညာ၊ ရှာဖွေကယ်ဆယ်ရေးပညာ စသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ပြီး ပန်လင်းဆိုင်ကျေးရွာအတွင်းမှ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား စုစုပေါင်း ၅၀ ဦးတက်ရောက်လျက်ရှိကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်အောင်ထံမှ သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

--*-*-*



ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲယဉ်း ဧက ၂၃၀ စိုက်ပျိုးမည်

ပွင့်ဖြူ နိုဝင်ဘာ ၃

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲယဉ်း ၂၃၀ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲယဉ်း ၂၃၀ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါပဲယဉ်း စိုက်ပျိုးခြင်းကို ယခုနှစ် နိုဝင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ပြီး တောင်သူများ အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေး အတွက် ဒေသနှင့်ကိုက်ညီသောမျိုးများ စိုက်ပျိုးနိုင်ရေးနှင့် စိုက်နည်းစနစ်များ မှန်ကန်စေရေး အတွက် မြေပြင်ကွင်းဆင်း၍ ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။


"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ပဲယဉ်း ဧက ၂၃၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ အဲဒီ ပဲယဉ်း စိုက်ပျိုးခြင်းကို ယခုလ တတိယပတ်လောက် စတင်စိုက်ပျိုးသွားမှာဖြစ်ပြီး လျာထား ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ တောင်သူတွေကိုလည်း ပဲယဉ်း စိုက်ပျိုးတာနဲ့ ပတ်သက်ပြီး စိုက် ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများ တိုးတက်စေရေး အတွက် မျိုးကောင်း မျိုးသန့်တွေ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ သွင်းအားစုများ စနစ်တကျ သုံးစွဲတတ်စေရေးနဲ့ ပိုးမွှားရောဂါကင်းရှင်းရေးစတဲ့ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပဲယဉ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲယဉ်းကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူးက ပြောသည်။

(ဝဲပုံ)

(၄၄၅)

o–o–o–o–o





မကွေးမြသလွန်ဘုရားပွဲတွင် ရောင်စုံမီးပန်းများ၊ မီးပုံးပျံများထည့်သွင်းကျင်းပကာ ဘုရားဖူးပြည်သူများ အထူးစည်ကားလျက်ရှိ

မင်းဘူး နိုဝင်ဘာ ၃

မကွေးတိုင်းဒေသကြီးမကွေးမြို့မှ သမိုင်းဝင် မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၉၀)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက်မှ တန်ဆောင်မုန်းလဆန်း ၆ ရက် အထိ ရက်ပေါင်း ၂၆ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း မကွေးမြသလွန် ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

အဆိုပါ ဗုဒ္ဓပူဇနီယ ဘုရားပွဲတော်ကြီးကို ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ နံ့သာ ၉၀၀၀ ထွန်းညှိ ကပ်လှူဖောဝါပွဲများအပြင် ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားစွာ စိန်နှားပန်မီးပုံးပျံ ၇ လုံး၊ ညမီးကြိမ်းပုံးပျံ ၈ လုံး၊ မီးပုံးပျံငယ် အလုံး ၃၀၀၀ ဖြင့် တွဲဖက်ကာ လွှတ်တင်၍ တန်ဆောင်တိုင် မီးပုံးပျံပွဲတော်များကဲ့သို့ အညာဒေသရဲ့ သီတင်းကျွတ်ပွဲတော်အဖြစ် အစပျိုးခြင်းနှစ်အဖြစ် ထူးထူးခြားခြား ကျင်းပခဲ့ခြင်း ဖြစ်ပြီး သီတင်းကျွတ်လပြည့်ကျော် ၂ ရက်တွင် မကွေးမြို့ပေါ်ရှိ စာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်တို့အား ပင့်ဖိတ်၍ ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့သည့်အပြင် ဘုရားပွဲတော်အတွင်း ဈေးဆိုင်ခန်းပေါင်း ၈၀၀ ခန့်နှင့် စားသောက်ဆိုင်၊ ကလေးများကစားစရာ ချူး၊ ရဟတ်များ အစုံအလင်ထည့်သွင်း၍ နိုင်ငံကျော်ဇာတ်သဘင်များ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ဒေသထွက် ကုန်အရောင်းဆိုင်များနှင့် အညာဒေသ ရိုးရာမုန့်ဆိုင်တန်းများဖြင့် ခင်းကျင်းရောင်းချပေးလျက်ရှိကြောင်း မြသလွန်ဘုရား ဘဏ္ဍာထိန်း ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးမျိုးလွင်က ပြောသည်။

မကွေးမြသလွန်ဘုရားသည် သမိုင်းဝင်တန်ခိုးကြီးဘုရားတစ်ဆူဖြစ်ကာ ပွင့် လင်းရာသီအစ ဘုရားပွဲတော်ဖြစ်တာနှင့်အညီ မြန်မာနိုင်ငံအလယ်ပိုင်း အချက်အချာကျသည့် မြေပြန့်ဒေသတွင် တည်ရှိပြီး ရောင်စုံမီးပန်းအလှများ၊ မီးပုံးပျံလွှတ်တင်ပွဲများ၊ ဇာတ်သဘင်နှင့် တေးဂီတ ဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည့်အတွက် မကွေးမြို့ ဒေသခံများသာမက အနီးအနားရှိ ရပ်ကွက်နှင့် ကျေးရွာများအပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

(အမေ၀်ပုံ)

(၅၀၄)

အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်း ပြိုင်ပွဲကျင်းပမည်

ကျွန်းလှ နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် ပိုက်ကျော်ခြင်းအားကစားနည်းဖွံ့ဖြိုးတိုးတေရန်၊ ရွာပုန်းသီးအားကစားသမားများ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပမည်ဖြစ်သည်။

အဆိုပါ ပိုက်ကျော်ခြင်း ပြိုင်ပွဲကို ရွှေကျွန်းမြေအားကစားခန်းမ၌ နိုဝင်ဘာ ၈ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အားကစား၀ါသနာရှင်များပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၄၈၀)

မြို့နယ်ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအား အာဟာရပြည့်အစားအစာများ ပေးအပ်လှူဒါန်း

စဉ်ကူး နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းခရိုင်၊ စဉ်ကူးမြို့၌ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက်နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စဉ်ကူးမြို့ပြည်သူ့ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအား အာဟာရပြည့်အစားအစာများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၈ နာရီက စဉ်ကူးမြို့ပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်ခဲ့သည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် စဉ်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ထွန်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအား တစ်ဦးလျှင် ကြက်ဥ ၁၀ လုံးနှင့် ကွေကာအုပ် အထုပ်ကြီး တစ်ထုပ်စီဖြင့် လူနာ ၂၇ ဦးအတွက် စုစုပေါင်းတန်ဖိုး ငွေကျပ် ၆၄,၈၀၀၀ ကျပ်ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

တင်စောလွင်(ပြန်/ဆက်)



လယ်ယာကေများစွာကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

ကန့်ဘလူ နိုဝင်ဘာ ၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လယ်ယာဇကများမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ကျေးလက် ကုန်ထုတ်လမ်းဖောက်လုပ်နေမှုများကို ယနေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများမှ မြေထူးကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကန့်ဘလူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးစိုးခိုင်၊ မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ခိုင်နှင့် အင်ဂျင်နီယာများသည် မြေထူးကျေးရွာတွင် အရှည် ၁ မိုင် ၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ မြေသားထူ ၂ ပေနှင့် သဲဗြုန်းထူ ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း၊ မြေသားပေါင်တင်ခြင်းနှင့် ဂျင်းခင်းခြင်း လုပ်ငန်းများအနက် မြေသား ၁ ပေထူ ရေဖြန်းစက်ကြိတ် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းခွင်အတွင်း CPR (Compaction Test) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက် အပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆို ပါလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်ခွင်ဖြုန်းပုံငွေကျပ် (၂၂၀ ဒသမ ၈၂၁)သန်းဖြင့် ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် တင်ဒါအောင်မြင်သည့် ပြည်ကြီးကျော်ကုမ္ပဏီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ရာနှုန်းပြည့်ပြီးစီးပါက အဆိုပါကျေးရွာရှိ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

ကာရံ(ကျေးလက်)

o–o–o–o–o



နေပြည်တော်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ငြိမ်းချမ်းသာယာရေး အထူးဆုတောင်းပွဲကျင်းပ



ဆုတောင်းမေတ္တာ ပို့သပေးကာ မြန်မာနိုင်ငံ ကောင်းချီးပေး၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း ကမ်သလစ်ဆရာတော်ကြီးများအဖွဲ့ ချုပ်ဥက္ကဋ္ဌက သိရသည်။ သတင်းစဉ်

နေပြည်တော် နိုဝင်ဘာ ၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ငြိမ်းချမ်းသာယာရေး အထူးဆုတောင်းပွဲ ၂၀၂၆ ကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ Jasmine Hotel ၌ ကျင်းပသည်။ (ယာပု)

ဆုတောင်းပွဲတွင် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်အဖွဲ့ချုပ်ကြီးများမှ ဆရာတော်များ၊ ဂိုဏ်းပေါင်းစုံမှ ခရစ်ယာန်ဘာသာဝင်များ၊ တိုင်းရင်းသားလူငယ်များ ၇၀၀ ခန့်က ဓမ္မသီချင်းများ စုပေါင်းသီဆိုခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့ပြင် ဆုတောင်းပွဲတွင် မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများ အဖွဲ့ချုပ်ဥက္ကဋ္ဌ ကာဒီနယ် ချားလ်စ်ဘို၊ အောက်မြန်မာပြည် မက်သဒစ်အသင်းတော် ဂိုဏ်းချုပ် ဆရာတော်ကြီး ဒေါက်တာဦးမြတ်ဆန်းနှင့် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များ ကောင်စီ သာသနာပိုင်ချုပ်ကြီး စတီဗင် သန်းမြင့်ဦးတို့က အမှာစကား ပြောကြားကြပြီး မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ် သိက္ခာတော်ရ ဆရာတော် ဒေါက်တာ ဦးအေးမင်းက အဓိမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာရေးအတွက် အထူး ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်း ပြောကြားပြီး ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်း ပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဥာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ သတင်းစဉ်

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ



နေပြည်တော် နိုဝင်ဘာ ၃

သမိုင်းစဉ် ကာလတစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်း မြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့ကြသည့် သူရဲကောင်းများ၊ သူ့ကျွန်မခံ တွန်းလှန်ခဲ့ကြသည့် မျိုးချစ် ခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း တွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ် ပေးဆပ်မှုများဖြင့် အားထုတ် ကြိုးပမ်းခဲ့ကြသည့် တပ်မတော် သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များအား မြင်တွေ့ လေ့လာမှုများမှတစ်ဆင့် လူငယ် လူရွယ်များ မျိုးချစ်စိတ်ဓာတ် ရင်သန်ထက်မြက်လာပြီး နိုင်ငံ ချစ်စိတ်၊ တိုင်းပြည်ချစ်စိတ် များ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏စိစစ် ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက် တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက် တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက် တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှု လေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှု ကြသည်။ ထို့နောက် ပြတိုက် တာဝန်ရှိသူများက လာရောက် လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမ များအတွက် မှန့်များကို ပေးဝေ ကြသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၃

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန် မွန်းတည့်ချိန် အထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်း ဒေသကြီးတွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မိုး/၈လ

အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

နွားထိုးကြီး နိုဝင်ဘာ ၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မန္တလေးတိုင်း ဒေသကြီး၊ နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ညောင်ပင်ကျေးရွာ တွင် အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိဝင်ဘာ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာမှာရဲ၌ ကျင်းပ ခဲ့သည်။

ရှေးဦးစွာ အသိပညာပေး ဟောပြောရာတွင် နွားထိုးကြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီး အရာရှိက အယ်လ်နီညို ရာသီ ဥတုနှင့် အပူဒဏ်ကာကွယ်ရေး ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ရွာသွန်းမှု မူမမှန်ခြင်း၊ မိုးခေါင် ခြင်း၊ ရေရှားပါးမှုနှင့် အခြား ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ် နိုင်သဖြင့် သောက်သုံးရေပြတ် လပ်မှုမဖြစ်ပေါ်စေရန် ရေကို ကြိုတင် စု ဆောင်းထားရှိ ရန်၊ ရေကို စနစ်တကျသုံးစွဲကြရန်နှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ် လာပါက ဌာနဆိုင်ရာအဖွဲ့အစည်း များထံသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ နွားထိုးကြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီး အရာရှိက အယ်လ်နီညို ရာသီ ဥတုနှင့် အပူဒဏ်ကာကွယ်ရေး ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ရှောင်ကြဉ်ရမည့် အချက်များကို ရှင်းလင်းပြော ကြားသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသော ရပ်မိ ရပ်ဖများ၊ ကျေးရွာနေပြည်သူ များထံသို့ အယ်လ်နီညိုရာသီ ဥတုနှင့် အပူဒဏ်ကာကွယ်ရေး ဆိုင်ရာ အသိပညာပေးလက်ကမ်း စာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ထုတ်ပြန်ထား သည့် အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်ကြောင့် ရေရှားပါးပြတ် လပ်နိုင်မှုအတွက် သတိပေးနှိုး ဆော်ချက် အသိပညာပေးဒီနိုင်း များလည်း ချိတ်ဆွဲကြည့်ရှုစေခဲ့ ကြောင်း နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းထံမှ သိရသည်။

ချစ်ဦးကို



အရန်ပိုးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၂၆)ဖွင့်လှစ်

လားရှိး နိုဝင်ဘာ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိးမြို့တွင် မြို့နယ်မီးသတ် ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရေး၊ မီးလောင်မှု မီးလန့်မှုများ မဖြစ်ပွားစေရေး၊ မီးလောင်မှုကြီးများ မဖြစ်ပွားစေ ရေး၊ ရှာဖွေဂယက်ဆယ်ရေးလုပ် ငန်းများ အရေးပေါ်ဆောင်ရွက် နိုင်ရေးနှင့် ပြည်သူအကျိုးပြု လုပ်ငန်းများ ထိရောက်စွာဆောင် ရွက်နိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ် သည့် အရန်မီးသတ်တပ်ဖွဲ့ဝင် များ လေ့ကျင့်ရေး(မွမ်းမံ)သင် တန်း(၁/၂၀၂၆) ဖွင့်ပွဲကို နိဝင် ဘာ ၂ ရက်က အဆိုပါ ရုံးရှိ အစည်းအဝေးခန်းမတွင် ကျင်းပ ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်နိုင်မိုးက အမှာ စကားပြောကြားပြီး တာဝန်ရှိသူ များနှင့်အတူ သင်တန်းသားများ အတွက် အရန်မီးသတ်တူညီဝတ်စုံ များနှင့် သင်ထောက်ကူပစ္စည်း များ ချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းအား နိ ဝင်ဘာ ၂ ရက် မှ နိဝင်ဘာ ၂၇ ရက်အထိ စာတွေ့၊ လက် တွေ့ ဖွင့်လှစ်သင်ကြားပို့ချမည် ဖြစ်ပြီး သင်တန်းသားစုစုပေါင်း ၅၀ ဦး တက်ရောက်သင်ကြား လျက်ရှိကြောင်း မြို့နယ်မီးသတ် ဦးစီးဌာန ဦးစီးအရာရှိ ဦးမင်း မင်းသစ်ထံမှ သိရသည်။

လူမော်(ပြန်/ဆက်)

၀-၀-၀-၀

၀-၀-၀-၀-၀



အယ်လ်နီညိုနှင့် အပူဒဏ်အန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကျင်းပ

ရေနံချောင်း နိုဝင်ဘာ ၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သမဝါယမဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့နှင့် ပူးပေါင်း၍ အယ်လ်နီညိုနှင့်အပူဒဏ်အန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ရေနံချောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ရေနံချောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက အယ်လ်နီညိုရာသီဥတုကြောင့် မိုးရွာသွန်းမှု များမှုမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး၊ ရေကို ကြိုတင်စုဆောင်းထားရှိရန်နှင့် ရေကို လေလွင့်မှုမရှိအောင် စနစ်တကျသုံးစွဲကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် သမဝါယမဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတာဝန်ရှိသူများက အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုများ၊ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး၊ လိုက်နာဆောင်ရွက်ရန် အချက်များ၊ ရှောင်ကြဉ်ရန်အချက်များကို ပြောကြားခဲ့ပြီး တက်ရောက်လာသူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ ဟောပြောပွဲသို့ ရုံးကုန်းကျေးရွာနှင့် ကံကြီးကျေးရွာမှ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)နေ့လူး

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

နေပြည်တော် နိုဝင်ဘာ ၃

နိုင်ငံတော်အစိုးရ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို မြှင်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန်တရားမဝင် အဆောက်အအုံများ အနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ်အဆောက်အအုံ တစ်လုံးအား ယနေ့အထိ ၈၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံ တစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၅၀ ရာခိုင်နှုန်း ပြီးစီးဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့်အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများ အနက် လေးလုံးတို့အား ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့် အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ ၁၀၀



ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိပ်အဆင့် အနိုင်၊ အရှုံး NGB

ဂါလာတာစာရေး ၂ - ၀ စတုဂတ်

ရွက်တာဒိုးနက်စ် ၀ - ၁ စပို့တင်းလစ္စဘွန်း

အင်္ဂလိပ်ချန်ပီယံရုစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၄) အနိုင်၊ အရှုံး NGB

ကျူပီအာ ၁ - ၁ ဘန်လေ

သရက်မြို့နယ်မီးသတ်ဦးစီးဌာနမှ အယ်လ်နီညိုကာလအတွင်း မီးဘေးလုံခြုံရေးအတွက် နိုဝင်ဘာ ၂ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင် ဦးဆောင်၍ တပ်ဖွဲ့ဝင် ငါးဦးနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ မြို့မစည်ပင်သာယာရေးအား စစ်ဆေးဆောင်ရွက်စဉ်။

ကဆ



ရေအရင်းအမြစ်များအား စစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်



မင်းတုန်း နိုဝင်ဘာ ၃

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းတုန်းမြို့နယ်အတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် အွန်ရောက်ရာသီဥတု ပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ပြည်သူများ သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ကျေးရွာရှိ ရေအရင်းအမြစ်များအား စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးသိန်းဇော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးလင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက မင်းရွာကိုင်းကျေးရွာအုပ်စု၊ မင်းရွာကိုင်းကျေးရွာသို့ သွားရောက်၍ ရေအရင်းအမြစ်များအား စစ်ဆေးခြင်း၊ ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ အယ်လ်နီညိုရာသီဥတု ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ သိရသည်။ **(ဝဲပုံ)**

ဆက်လူ

၀-၀-၀-၀-၀-၀

ပုဂံနယ်မြေမီးသတ်စခန်းက အယ်လ်နီညိုကာလ မီးဘေးလုံခြုံရေး ကွင်းဆင်းဆောင်ရွက်

ညောင်ဦး နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံနယ်မြေမီးသတ်စခန်းက အယ်လ်နီညိုကာလ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရန်နှင့် ပြည်သူများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် နိုဝင်ဘာ ၁ ရက်က ပုဂံမြို့သစ် အနောရထာရပ်ကွက် ရှိ ဦးဘဉ်စိန်းယွန်းထည်အလုပ်ရုံသို့ သွားရောက်၍ မီးဘေးကြိုတင် ကာကွယ်ရေး လုပ်ငန်းများ စစ်ဆေးခြင်းနှင့် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ် ပုဂံနယ်မြေမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးမောင်မောင်သိန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ လိုက်ပါ၍ ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက်ရှိ ဦးဘဉ်မိန်း ယွန်းထည်အလုပ်ရုံသို့ သွားရောက်ပြီး လုပ်ငန်းရှင်နှင့် အလုပ်ရုံဝန်ထမ်းများကို တွေ့ဆုံ၍ အယ်လ်နီညိုအပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် အပူဒဏ်ကြောင့် ဖြစ်ပေါ်လာနိုင်သော မီးဘေးလုံခြုံရေးဆိုင်ရာများကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် လက်ထောက်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လုပ်ငန်းခွင်အတွင်း မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိ၊ သန့်ရှင်းသပ်ရပ်မှု ရှိ၊ မရှိ၊ ရေလှောင်ကန်များ ရေဖြည့်တင်းထားမှု ရှိ၊ မရှိနှင့် မီးဘေးကြိုတင်ကာကွယ်ရေးသုံးပစ္စည်းများ ပြည့်စုံလုံလောက်မှု ရှိ၊ မရှိ၊ ပတ်ဝန်းကျင် မီးဘေးစိုးရိမ်ရမှု ရှိ၊ မရှိ ကို လိုက်လံစစ်ဆေးပြီး ယွန်းထည်အလုပ်ရုံ ဝန်ထမ်းများအား မီးဘေးအန္တရာယ် ကြုံလာပါက အရေးပေါ် အကူအညီရယူနိုင်ရန် အတွက် မိုဘိုင်းဖုန်းများတွင် 191 Report Application ထည့်သွင်းအသုံးပြုနည်းကို ရှင်းလင်းပြောကြား၍ မီးဘေးအန္တရာယ် ကင်းဝေးစေရန် ဆောင်ရွက်ထားရှိသော မီးငြိမ်းသတ်ရေးပစ္စည်းများဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းအား ဓာတ်တိုက်လေ့ကျင့်သရုပ်ပြသခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၅)

* - * - * - * - *



ကြော်ငြာစာ

မဖွင့်လေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ်(၁၆၃)၊ ဦးပိုင်အမှတ်(၁၃-က)၊ ၂၃လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြားရှိ ခေါက္ခင်လွှင်၊ ခေါင်မကြီး၊ ခေါင်မလေး၊ ခေါင်မာထွေး၊ ဦးမြင့်လွင်၊ ခေါက္ခြကြွမောတို့ (၆)ဦးအပြင်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၂၄၁/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ခေါင်မကြီး၊ ခေါင်မလေး၊ ဦးအေးလွင်၊ ခေါင်မာထွေး၊ ဦးမြင့်လွင်(ခ)ဝေါင်လျှော်ရောင်း၊ ခေါက္ခြကြွမောတို့ (၆)ဦးနှင့် ဦးအေးလွင် ပါ(၂)ဦးထံမှ ဝယ်ယူခဲ့သော ခေါင်မကြီး၊ ခေါင်မလေး၊ ဦးမြင့်လွင်(ခ)ဝေါင်လျှော်ရောင်း၊ ခေါက္ခြကြွမော(ခ)အိုက်ကြွတို့(၄)ဦးအနက် ခေါင်မကြီး ပါ(၃)ဦးထံမှ ဝယ်ယူခဲ့သော ခေါင်မကြီး၊ ခေါင်မလေး၊ ဦးမြင့်လွင်(ခ)ဝေါင်လျှော်ရောင်း၊ ခေါက္ခြကြွမော(ခ)အိုက်ကြွတို့(၄)ဦးအနက် ခေါင်မကြီး ပါ(၂

KIMS HOSPITALS™

အိန္ဒိယနိုင်ငံ ကင်းစ်ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများနှင့်

MEDIC JOURNEY



အခမဲ့ တစ်ဦးချင်း တွေ့ဆုံဆွေးနွေးခွင့်

DR. ROSHAN KUMAR JAISWAL
ကလေးအဏ်ြဒါစ်ဘ်
အထူးကုဆရာဝန်ကြီး

DR. B. SAI PHANI CHANDRA
အဏ်ြဒါးအဘစ် အစားထိုးကုသခြင်း၊
ထိခိုက်ဘက်ရာနှင့် မှန်ငပြောင်းအုပ်ြခြင်း
အဏ်ြဒါခွဲစိတ် အထူးကုဆရာဝန်ကြီး

DR. SWETHA PENDYALA
ဦးနှောက်အဂုံကြောနှင့် ဂျာဂုဏ်း
ခွဲစိတ် အထူးကုဆရာဝန်ကြီး

ရုံးချိန်း ၁၇.၁၁.၂၀၂၆ (စနေနေ့)
နံနက်(၉) မှ နေ့လည်(၁၂)နာရီအထိ
Hotel Mandalay
ဂုဏ်ယမ်း ၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ မန္တလေးမြို့။

လူဦးရေကန့်သတ်ထားပါသဖြင့်

စာရင်းပေးသွင်းရန် 09 89 7777 068, 09 95 7777 068

အမျှားသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(၈၁-၂)၊ ဦးပိုင်နံပါတ်(၆၂-၈)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၀)ဧက၊ (၁၀×၄၅)ပေ အကျယ်အဝန်းရှိ ဦးသန်းအေးအမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မြေနေရာချထားပေးခြင်းခံခဲ့ရသူ (ခင်ပွန်း)ဦးသန်းအေးကွယ်လွန်သွားခဲ့သဖြင့် လက်ရှိအမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ (ဇနီး)ဒေါ်စိန်ကြည်(ဘ)ဦးမြခင်(၉/မရတ(နိုင်)၀၄၁၈၅၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းပယ်ဖျက်ရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဦးပိုလုံးသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

ဦးတင်အောင်မိုး(LL.B,LL.M)	ဒေါ်အိအိမွန်(LL.B,LL.M)
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ
ဒေါ်ယုသစင်အောင်(LL.M)	ဦးဖြိုးသာနန်(LL.B)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
ဦးစည်သူအောင်(LL.B)	ဒေါ်သဲဖို့ဖို့ထွန်း(LL.B)
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ

အမှတ်(D-၁၅၇)၊ ၆ဂလမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၄၄၊ ၀၉-၄၀၂၅၅၁၀၂၁

အမျှားသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မြောက်တံတိုင်းရှည်အုပ်စု၊ ညောင်ဝန်းကျေးရွာနေထိုင်သူဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်မြသောင်း(၉/ပသက(နိုင်)၀၃၂၆၀၉)၊ ဒေါ်ဆွေဆွေဦး(၉/ပသက(နိုင်)၀၃၂၆၅၃)၊ ဒေါ်တင်တင်ညို(၉/ပသက(နိုင်)၁၄၁၈၀)၊ ဒေါ်တင်တင်ချို(၉/ပသက(နိုင်)၁၀၈၃၀၀)၊ ဦးမင်းမင်းစန်း(၉/ပသက(နိုင်)၁၀၈၃၀၃)တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မြောက်တံတိုင်းရှည်အုပ်စု၊ ညောင်ဝန်းကျေးရွာအုပ်စုတွင် နေထိုင်သူဖြစ်သော ဦးဖိုးချိုနှင့် ဒေါ်မြသောင်းတို့သည် သားသမီး(၅)ဦးထွန်းကားခဲ့ပါသည်။ ၄င်းတို့မှာ (၁) ဒေါ်ဆွေဆွေဦး၊ (၂) ဒေါ်တင်တင်ညို၊ (၃) ဒေါ်တင်တင်ချို၊ (၄) ဦးမင်းမင်းစန်း၊ (၅) ဒေါ်အေးအေးမိုးတို့ဖြစ်ကြပါသည်။ ဦးဖိုးချိုမှာ လွန်ခဲ့သော(၆)နှစ်ခန့်က ကွယ်လွန်သွားခဲ့ကြောင်း၊ ဒေါ်မြသောင်းမှာ ယနေ့ထိတိုင်အောင် သားဖြစ်သူ ဦးမင်းမင်းစန်းနှင့်အတူ နေထိုင်လျက်ရှိကြောင်း၊ ဒေါ်မြသောင်းသည် သက်ရှိထင်ရှားရှိနေစဉ် ကာလအတွင်း သမီးများဖြစ်ကြသော (၁) ဒေါ်ဆွေဆွေဦး၊ (၂) ဒေါ်တင်တင်ညို၊ (၃) ဒေါ်တင်တင်ချို၊ (၄) ဒေါ်အေးအေးမိုးတို့အား အမွေအဖြစ် တစ်ဦးလျှင် ၎ကျေပံသိန်း(၅၀၀)စီ အပြီးအပြတ်ပေးကမ်းခဲ့ပြီးဖြစ်ကြောင်း ဒေါ်မြသောင်း၏ ညွှန်ကြားချက်အရ သိရှိရပါသည်။ ထို့နောက် သားဖြစ်သူ ဦးမင်းမင်းစန်းအား ခင်ပွန်းဖြစ်သူ ဦးဖိုးချိုအမည်ပေါက်သည့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၊ မြောက်တံတိုင်းရှည်ကျေးရွာအုပ်စု၊ ညောင်ဝန်းကျေးရွာတွင်ရှိသော ကွင်းအမှတ်(၅၁၉)(ညောင်ဝန်း)၊ ဦးပိုင်အမှတ်(၁၂၂/၁)(လယ်)၊ ဧရိယာ(၂ ဒသမ ၇၀)ဧက အကျယ်အဝန်းရှိလယ်မြေအား အမွေအဖြစ် အပြီးအပြတ်ပေးအပ်ကြောင်း မိသားစုစီမံမှုစာချုပ်အား (၃-၁၁-၂၀၂၆)ရက်နေ့တွင် ပြုလုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ ဦးဖိုးချိုအမည်ပေါက် လယ်မြေမှာ အမွေဆိုင်မြေကွက်မဟုတ်ဘဲ ဦးမင်းမင်းစန်းတစ်ဦးတည်း တရားဝင်အမွေရပိုင်ဆိုင်သည့် မြေကွက်ဖြစ်ပါသည်။ အဆိုပါ မိသားစုစီမံမှုကတိစာချုပ်နှင့် ပတ်သက်၍လည်း ဒေါ်မြသောင်းအပါအဝင် ဒေါ်ဆွေဆွေဦး၊ ဒေါ်တင်တင်ညို၊ ဒေါ်တင်တင်ချို တို့(၄)ဦးမှလည်း သဘောတူကြောင်းဖြူစွာဖြင့် မိသားစုစီမံမှုကတိစာချုပ်အား ကန့်ကွက်ရန်မရှိကြောင်း၊ ဦးမင်းမင်းစန်း အမွေရပိုင်ဆိုင်သည့် လယ်မြေဖြစ်ကြောင်း အသီးသီးဝန်ခံကတိပြုခဲ့ကြပါသည်။

သို့ဖြစ်ပါသောကြောင့် အထက်ဖော်ပြပါ ဦးဖိုးချိုအမည်ပေါက် လယ်ယာမြေမှာ မိဘများ၏ အမွေဆိုင်လယ်မြေမဟုတ်ဘဲ ဦးမင်းမင်းစန်းတစ်ဦးတည်း အမွေရပိုင်ဆိုင်သည့်မြေဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညှိနှိုင်းသူများ-

ဒေါ်မြသောင်း	ဒေါ်ဆွေဆွေဦး
ဒေါ်တင်တင်ညို	ဒေါ်တင်တင်ချို
ဦးမင်းမင်းစန်း	

လွှဲအပ်ညှိနှိုင်းဖျက်အရ-

ဦးစာနည်အောင်ဆန်းလင်း
အထက်တန်းရှေ့နေ(စဉ်-၅၅၄၆၃၃၃

အမှားသိခေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(၈-၂၉)၊ ဦးပိုင်နံပါတ် (၃၁-က)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၇၇)ဧက၊ ပေ(၂၀ × ၃၀) အကျယ်အဝန်းရှိ ဦးနေဝင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၀ ပေ × ပေ ၃၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုနှစ်ခံကတိပြုသူ ဒေါ်သူဇာ(ဘ)ဦးဝင်းဖေ(၉/မရတ(နိုင်)၁၂၄၅၇၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–
ဦးတင်အောင်မိုး(LL.B, LL.M) ဒေါ်အိအိမွန်(LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ
ဒေါ်ယုသစင်အောင်(LL.M) ဒေါ်အေးနုနာထွန်း(LL.B) ဒေါ်မာလာစိုး(LL.B) ဒေါ်ဖူးသန့်မွန်(LL.B)
တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ
အမှတ်(D-၁၅၇)၊ ၆ဂလမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၄၄၄၊ ၀၉-၄၀၂၅၅၀၁၂၁၊ ၀၉-၄၄၄၀၀၆၅၅၆

အိတ်ဖွင့်တင်ဒါခေျးနှုန်းလျှာ တင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မဟာဝိဇ္ဇာဘွဲ့သင်တန်းများ၊ ဝိဇ္ဇာဘွဲ့သင်တန်းများ (၂၀၂၀ နှင့် ၂၀၂၂ တက္ကသိုလ်ဝင်တန်းအောင်)၊ Diploma in English, a one year full-time course,(DEF)၊ နိုင်ငံခြားဘာသာစကားသင်တန်း အချိန်ပိုင်း(ဘွဲ့)၊ Postgraduate Diploma in English course အမှတ်စဉ်(၆၂၊ ၆၃၊ ၆၄)နှင့် Diploma in English course အမှတ်စဉ်(၆၉၊ ၇၀၊ ၇၁၊ ၇၂၊ ၇၃) (CHRD)ဘွဲ့/ဒီပလိုမာစာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ပြီး တက်ရောက် ဘွဲ့ယူရန် လျှောက်ထားပြီးသော ပုဂ္ဂိုလ်များအတွက် (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။ ဘွဲ့နှင်းသဘင်ကျင်းပရာတွင် ဓာတ်ပုံလုပ်ငန်းနှင့် ဗွီဒီယိုလုပ်ငန်းများ ရိုက်ကူးလုပ်ကိုင်ခွင့်အတွက် အိတ်ဖွင့်တင်ဒါစျေးနှုန်းလွှာ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်စျေးနှုန်းလွှာ တင်သွင်းရန် လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို (၅-၁၁-၂၀၂၆)ရက်မှစ၍ တစ်စုံလျှင် ကျပ်(၃၀၀၀/-)နှုန်းဖြင့် ဌာနခွဲမှူး(ဘဏ္ဍာ)၊ ဌေဓာရင်းဌာန၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ထံတွင် လုပ်ငန်းလိုင်စင်မူရင်း၊ ပုံနှိပ်ထုတ်ဝေရေးလိုင်စင်မူရင်း တင်ပြ၍ ဝယ်ယူနိုင်ပါသည်။ ဒေသခံဓာတ်ပုံလုပ်ငန်းရှင်အား ဦးစားပေးဆောင်ရွက်ပါမည်။

၃။ အိတ်ဖွင့်စျေးနှုန်းလွှာကို (၁၉-၁၁-၂၀၂၆)ရက်၊ ညနေ(၃း၀၀)နာရီ နောက်ဆုံးထား၍ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၌ အိတ်ဖွင့်တင်ဒါ တင်သွင်းရမည်။

၄။ (၁၉-၁၁-၂၀၂၆)ရက်၊ ညနေ(၃း၀၀)နာရီ၌ အိတ်ဖွင့်တင်ဒါ ဖွင့်ပါမည်။ (အသေးစိတ်သိရှိလိုပါက မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၊ ဓာတ်ပုံနှင့် ဗွီဒီယိုလုပ်ငန်းကြီးကြပ်ရေးကော်မတီထံသို့ အောက်ပါဖုန်းနံပါတ်များအား ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

၀၉-၄၀၂၅၄၆၂၁၉၊ ၀၉-၄၄၄၀၃၄၉၉၅

ဓာတ်ပုံနှင့်ဗီဒီယိုလုပ်ငန်းကြီးကြပ်ရေးဓာတ်မတီ
မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်

အမှားသိခေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁)၊ ဦးပိုင်အမှတ် (၂၄)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂနန်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုး(၁)ထပ် အဆောက်အဦ၊ ရေ + မီး (ဆက်လက်သုံးစွဲပိုင်ခွင့်)အပါအဝင် နေထိုင်ပိုင်ဆိုင်ခွင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လက်ရှိအမည်ပေါက်ပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်မိမိအောင်(ဘ)ဦးတင်အောင်(၉/မနတ(နိုင်)၀၀၀၇၅၃)မှ ကျွန်ုပ်၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ လည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–
ဦးအောင်မျိုးထွန်း (ဥပဒေဘွဲ့)
(တရားလွှတ်တော်ရှေ့နေ)
လမ်း(၃၀–အေ)၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊
ချမ်းအေးသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၇၃၅၀၀၇၁

အမှားသိခေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၅)၊ ဦးပိုင်အမှတ်(၂၆)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးလှမောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်အတွင်း တောင်အနွန်းဆုံးအခြမ်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုနှစ်ခံကတိပြုသူ ဒေါ်နန်းဝင်း(ဘ)ဦးအိုက်မောင်(၁/မညန(နိုင်) ၀၇၂၆၆၆)ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ဖြူသီမြင့် (LL.B, DBL) ဒေါ်ဟန်စုမာ (LL.B)
တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ
၅၄လမ်း၊ ၁၁၈လမ်းနှင့် ၁၁၉လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ဖုန်း ၀၉-၂၆၁၁၅၉၅၄

အမှားသိခေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၈)၊ ဦးပိုင်နံပါတ်(၂၇)၊ ဧရိယာ(၀ ဒသမ ၀၉၀၉)ဧက အကျယ်အဝန်းရှိ ဝိလ်မူးကြီး ဥကဋ္ဌ (ကြည်း-၁၂၆၁၈) အမည်ပေါက် ဂနန်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ် အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးခန့်ဌေး(ဘ)ဦးဝင်းညီ(၅/ကလတ (နိုင်)၁၀၉၉၅၉) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်သူစာဝင်း (LL.B, LL.M, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ
(ဆဆ-၃/၄)၊ ၅၇(အေ)လမ်းနှင့် ၅၇(ဘီ)လမ်းကြား၊ ၁၀၆လမ်း၊ ကံသာယာရပ်ကွက်၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၁၉၀၄၀၅၇၊ ၀၉-၆၆၉၀၂၃၀၃၄

အမှားသိခေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၀)၊ ဦးပိုင်နံပါတ်(၂၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀ × ၄၀) အကျယ်အဝန်းရှိ ဦးဆင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀ × ၄၀)ထဲမှ တောင်ဘက်ပိုင်း (၁၅ ပေ × ပေ ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုနှစ်ခံကတိပြုသူ ဦးသန်းနိုင်(ဘ)ဦးဆိုင်(၉/မကန(နိုင်)၀၆၃၀၉၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ
ဒေါ်ယုသစင်အောင် (LL.M) ဦးဖြိုးသာခန့် (LL.B) ဦးစည်သူအောင် (LL.B) ဒေါ်သဲမိုမိုထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ
အမှတ်(D-၁၅၇)၊ ၆ဂလမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၄၄၄၊ ၀၉-၄၀၂၅၅၀၁၂၁

အမှားသိခေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၇)၊ ဦးပိုင်နံပါတ်(၂၆)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀ × ၆၀) အကျယ်အဝန်းရှိ ဦးကျော်မောင် အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀ × ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွဲပြောင်းဝယ်ယူထားပြီး လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုနှစ်ခံကတိပြုသူ ဦးအောင်နိုင်မြင့်(ဘ)ဦးကျိန်နိုင်းချမ်း(၁၃/လရန(နိုင်)၁၁၈၀၈၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ– ဦးတင်အောင်မိုး (LL.B, LL.M) ဒေါ်အိအိမွန် (LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ
ဒေါ်ယုသစင်အောင် (LL.M) ဒေါ်အေးနုနာထွန်း (LL.B) ဒေါ်မာလာစိုး (LL.B) ဒေါ်ဖူးသန့်မွန် (LL.B)
တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ
အမှတ်(D-၁၅၇)၊ ၆ဂလမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၄၄၄၊ ၀၉-၄၀၂၅၅၀၁၂၁၊ ၀၉-၄၄၄၀၀၆၅၅၆

အမှားသိခေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ ၁၈လမ်း၊ ၈၇လမ်းနှင့် ၈၈လမ်းကြားနေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စောမြင့်(ဘ)ဦးရွှတ်ဆိုင်းရီ(၁/မကန(နိုင်)၀၀၈၈၃၂)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်(၁၂၉)၊ ယခင်ဦးပိုင်(၁-ခ)၊ ယခုဦးပိုင်(၁/၃၄)၊ ဒေါ်အုံးခင် ပိုင်ဆိုင်သောမြေကွက် (၁၁ ပေ × ပေ ၄၀) အကျယ်အဝန်းရှိသော မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက် ပိုင်ဆိုင်လျက်ရှိသူ ဦးသန်းနိုင်(ဘ)ဦးစိန်(၉/မနမ(နိုင်)၀၅၁၅၄၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စောမြင့်(၁/မကန(နိုင်)၀၀၈၈၃၂)က ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရောင်းအဝယ်ပြုသည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၁၀)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်သူ– ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–
ဒေါ်စောမြင့်(ဘ)ဦးရွှတ်ဆိုင်းရီ ဒေါ်ခင်မာဝင်း(၁၀)မင်းလေး (LL.B, D.I.L) ဒေါ်မေသကြိန် (LL.B)
(၁/မကန(နိုင်)၀၀၈၈၃၂) တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ
၈၁လမ်း၊ ၁၀၆လမ်းနှင့် ၁၀၇လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၄၄၄၀၁၇၅၅၊ ၀၉-၇၇၈၂၀၆၀၄၂၂

❖ နိုင်ငံတော် ရှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

ကျောက်ဆည်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ခုနှစ် မိုးရာသီ ဆီထွက်သီးနှံမျိုးစုံ ၃၀၆၁ ဧက စိုက်ပျိုး

ကျောက်ဆည် နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဒေသအတွင်း စားသုံးဆီ ဖူလုံပိုလျှံရေး ၂၀၂၆-၂၀၂၇ ခုနှစ် မိုးရာသီ၌ မြေပဲ၊ နှမ်း၊ နေကြာဆီထွက်သီးနှံမျိုးစုံ ၃၀၆၁ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်ဆည်မြို့နယ်၌ တိုက်နယ်(၁၂)ခုရှိပြီး မြေပဲသီးနှံများကို တိုက်နယ်(၇)နှင့် တိုက်နယ်(၁၂)ကျေးရွာ အုပ်စုများတွင် ၁၂၉ ဧက၊ နှမ်းသီးနှံများကို တိုက်နယ်(၁)၊ တိုက်နယ်(၆)၊ တိုက်နယ်(၇)၊ တိုက်နယ်(၈)၊ တိုက်နယ်(၁၁)၊ တိုက်နယ်(၁၂) ကျေးရွာအုပ်စုများတွင် ၁၆၉၂ ဧက စုစုပေါင်း ၃၀၆၁ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ဆီထွက်သီးနှံများစိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းရေး ကျောက်ဆည်ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ဒေသနှင့်ကိုက်ညီသည့် မျိုးများဖြန့်ဝေပေးလျက်ရှိပြီး စိုက်နည်းစနစ်များလည်း ကူညီပေးလျက်ရှိကြောင်း သိရသည်။

(၄၈၅)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး မန္တလေးမြို့ ကြေညာချက်အမှတ်(၅/ ၂၀၂၆) ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက် (၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်)

တတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး (၁/၂၀၂၆) ကျင်းပရန် ခေါ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၇၇၊ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၂၊ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ဃ)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အရေးပေါ်အစည်းအဝေး(၁/၂၀၂၆)ကို မန္တလေးတိုင်းဒေသကြီးလွှတ်တော်ရုံး၌ ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် (၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်) (တနလ်ာနေ့) နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

အောင်ကျော်မိုး

ဥက္ကဋ္ဌ

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

အလေးမအားကစားအဆင့်အတန်း ပိမိမှုံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ် အလေးမအားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာ ဝန်ကြီးဌာနမှ ကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအလေးမအမွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမလေ့ကျင့်ရေးအားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြပြီး အမျိုးသမီး (၇၇)ကီလိုတန်းပြိုင်ပွဲတွင် ရှမ်းပြည်နယ် အသင်းမှ နန်းချယ်ရီဖူးက အမြန် မစံချိန် ၆၅ ကီလို၊ နှစ်ဆင့်မ စံချိန် ၈၀ ကီလိုနှင့် စုစုပေါင်း စံချိန် ၁၄၅ ကီလိုဖြင့် ပထမ၊ ရှမ်းပြည်နယ်အသင်းမှ အုပ်ကိုင်းထွမ်းက အမြန်မစံချိန် ၆၁ ကီလို၊ နှစ်ဆင့်မစံချိန် ၈၁ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၄၂ ကီလိုဖြင့် ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီး အသင်းမှ မေလဲလဲဝင်းလှိုင်က အမြန်မစံချိန် ကီလို ၆၀၊ နှစ်ဆင့်မစံချိန် ၈၁ ကီလိုနှင့် စုစုပေါင်း စံချိန် ၁၄၁ ကီလိုဖြင့် တတိယ ရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသား (၇၅)ကီလိုတန်းပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းမှ ဝေယံဖြိုးက အမြန်မစံချိန် ၁၀၀၊ နှစ်ဆင့်မစံချိန် ၁၃၆ ကီလိုနှင့် စုစုပေါင်း စံချိန် ၂၃၆ ကီလိုဖြင့် ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ရှိုင်းညီညီက အမြန်မစံချိန် ကီလို ၁၀၀၊ နှစ်ဆင့်မစံချိန် ၁၃၅ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၃၅ ကီလိုဖြင့် ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ဇင်မင်းအောင်က အမြန်မစံချိန် ၉၅ ကီလို၊ နှစ်ဆင့်မစံချိန် ၁၃၁ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၂၆ ကီလိုဖြင့် တတိယရရှိခဲ့သည်။

ယနေ့ပြိုင်ပွဲ၏ အမျိုးသား (၇၅)ကီလိုတန်းပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေနေပြည်တော် အသင်းမှ ဝေယံဖြိုးသည် မြန်မာနိုင်ငံအလေးမအမွဲ့ချုပ်မှ သတ်မှတ်ထားသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး နှစ်ဆင့်မပြိုင်ပွဲ ၏ စံချိန် ၁၃၄ ကီလိုထက် ကျော်လွန်၍ ၁၃၆ ကီလိုဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး၏ စံချိန်သစ်တင်နိုင်ခဲ့သည်။

နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲ(အမျိုးသား/အမျိုးသမီး)ကီလိုတန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင်မိဘပြည်သူများ အနေဖြင့် မည်သူမဆို "အခမဲ့" လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်





ONE Friday Fights 178 & The Inner Circle 38

ပြိုင်ပွဲတွင် ကျော်စွာဝင်းနှင့် ဆာမီဒမ်တို့၏ မကျေပွဲ ပြန်လည်ပါဝင်မည်

ရန်ကုန် နိုဝင်ဘာ ၃

နိုဝင်ဘာ ၁၃ ရက် ထိုင်းနိုင်ငံ၌ ကျင်းပမည့် ONE Friday Fights 178 & The Inner Circle 38 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ ကျော်စွာဝင်း၏ တွဲဆိုင်းပါဝင်လာမည်ဖြစ်ပြီး ထိုင်းဖိုက်တာ ဆာမီဒမ်နှင့် မကျေပွဲ ပြန်လည်ထိုးသတ်ရမည်ဖြစ်သည်။

ကျော်စွာဝင်းသည် ဩဂုတ်တွင် ပွဲထိုးသတ်ရပြီးနောက် သုံးလနီးပါးအကြာမှ ပွဲထိုးသတ်ခွင့် ပြန်ရခြင်းဖြစ်ပြီး ဆာမီဒမ်ကို ရုံးကြေးပြန်ဆပ်ရမည့်ပွဲလည်း ဖြစ်သည်။ ကျော်စွာဝင်းသည် ယခုနှစ် မတ် ၂၀ ရက်တွင် ဆာမီဒမ်နှင့် ပထမအကြိမ်တွေ့ဆုံရာ အမှတ်ဖြင့် အရေးနိုင်ခဲ့သည်။ ကျော်စွာဝင်းသည် ယင်းပွဲတွင် လက်ရည်သာသော်လည်း အမှတ်ဖြင့် အရေးနိုင်ခဲ့ရခြင်းဖြစ်သည်။ ကျော်စွာဝင်းသည် ONE နှင့် လေးပွဲထိုးသတ်ရာမှာ နှစ်ပွဲနိုင်၊ နှစ်ပွဲရှုံးထားပြီး ယခုပွဲတွင် နိုင်ပွဲပြန်ရရန် လိုအပ်နေသည်။ ဆာမီဒမ်သည် မြန်မာဖိုက်တာများနှင့် တွေ့ဆုံဖူးသူဖြစ်သောကြောင့် ကျော်စွာဝင်းအနေဖြင့် ပိုမိုပြင်ဆင်ထားရန် လိုအပ်နေသည်။ ဆာမီဒမ်သည် ONE နှင့် ၁၃ ပွဲထိုးသတ်ရာတွင် ၁၀ ပွဲနိုင် သုံးပွဲရှုံးနိမ့်ထားသူဖြစ်ပြီး နောက်ဆုံးခြောက်ပွဲဆက် အနိုင်ရထားသူဖြစ်သည်။ ဆာမီဒမ်သည် မြန်မာကစားသမားအများအပြားနှင့် ထိုးသတ်ဖူးသူဖြစ်ပြီး ကျော်စွာဝင်း၊ ဆွန်ရက်၊ မိုးထက်အောင်တို့ သုံးဦးစလုံးကို အနိုင်ထိုးသတ်ခဲ့သူဖြစ်သည်။

သတင်း-ရွှိုင်းထက်စော်

ဓာတ်ပုံ-onefc